
THE ARAKAN INTERNATIONAL

နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

အမှတ် (၁၇)
ဂျွန် လ
၂၀၁၂ ခုနှစ်။

# ပညာလူ့အဖွဲ့အစည်းသို့



ရယ်ချင်ခြင်းသည်ပင်လျှင် မသိမှု၏အကျိုးဆက် တခု ရာဖြစ်တေ။ ကမ္ဘာ့ရှိအကျ ဆုံးနိုင်ငံတနိုင်ငံဖြစ်တေ ရခိုင်ရေနှစ်ပေါင်းငါးထောင်ကျော်ကြာ အောင် ကမ္ဘာ့အလယ်မှာ ဝင့်ဝင့် ထည် ထည် …… စာ ၃

ဆံတော်၊ အံတော်၊ နံတော် ဓာတ်ဒိန်ဟာ အိန်ဒိုနီးသျှား ဗောရိုးဗုဒ္ဓဓာတ်ပုထိုး ဒိန် နန့် ခေတ်ပြိုင်ပိုင်သျှောင် "သံတွဲ" ဆိုစွာ လည်း ကျောက်ခေတ်မြို့တော် (၃) ခု (ဒ မတ်စကတ်၊ ဗာရာဏသီ၊ သံတွဲ) ထဲမှာ ပါရေ ဆိုကေ ဒေအရပ်၊ ဒေဒေသဟာ အမျိုးသားမာန်မဟိလို့ ဖြစ်ဖို့သိမ်းလား။

…… စာ ၆



အသက်မွီးဝမ်းကျောင်းပုံ စံမျိုးဆန်လွန်းရေခါ လွတ် လွတ်လပ်လပ်ရီးချင်၊ ဖတ်ချင်ရေလူတိအတွက် ပျင်းကောင်းထမဏ်း ဖြစ် လားပါရေ။ နောက်ဆုံး ၂၀၀၁ ခုနှစ်မှာ အ ကျွန် ဝီကီပေဒီးယားကိုစ …… စာ ၇



လုဖို့ယက်ဖို့၊ သတ်ဖို့ဖြတ် ဖို့၊ အာဏာသိမ်းပိုက်ဖို့ လောက်ရာ ရည်ရွယ်နိန် ရေလူတိနန့် စကားလက် ဆုံပြောဖို့အတွက်အကျွန့် လူနာတိကိုအကျွန်မျက်ကွယ်မပြုနိုင်။ အလဲ့အလှယ်မလုပ်နိုင်။ …… စာ ၁၁





ပညာ၏အဓိပ္ပါယ်ကား ကကောင်းကျယ်ဝန်း ပါရေ။ အိင်္ဂလိချ်တိပြောရေ knowledge (အသိပညာ) ကို ခွဲခြမ်းကြည့်ကတ်ဖို့ဆိုပါကေ know က "သိရေ"၊ knowledge ကတော့ know ဆိုရေ ကြိယာကို နာမ်အဖြစ် ပြောင်းလဲထားစွာဖြစ်လို့ "သိခြင်း" လို့ အဓိပ္ပါယ်ရပါရေ။ ယေဇုံ knowledge ကို "အသိပ ညာ" လို့ ဘာသာပြန်စွာ ကကောင်း သဘာဝကျရေ ပိုင် wisdom ဆိုရေ "ဉာဏ်ပညာ" နန့်လည်း အဓိပ္ပါယ် ကွဲကွဲပြားပြား ဖြစ်လားပါရေ။

## ပညာသည်သာ ကိုးကွယ်ရာ

လူနန့် တိရစ္ဆာန်ရေ ရုပ်၊ နာမ် အခြီခံအား ဖြင့် တူညီတတ်တေ သတ္တဝါတိဖြစ်ကတ်တေ။ သတ္တဝါ ချင်းတူပင်တူကေလည်း ဘဝချင်းကတော့ အာကာ နန့် မြီကြီးပိုင် အကွာကြီးကွာပါရေ။ ဇာဖြစ်လို့လဲ။ ပညာက လူသားဘဝကို မြှင့်တင်ပီးလိုက်လို့ဖြစ်တေ။ လူချင်းအတူတူမှာတောင် ပညာတတ်တေ လူတန်း စားက ပညာနိမ့်ရေလူတိကို အုပ်ချုပ်ပါရေ။ ယေဇုံ ရှိပဝေသဏီကပင် လူရို့စွာ ပညာကို တန်ဖိုးထားလေး စားခကတ်တေ။ ယင်းပိုင် ပညာကို မြတ်နိုးခကတ်လို့ လည်း ပညာကို အမွှမ်းတင်ရေစကားတိ အများကြီး ပေါ်ထွက်လာရေ။ "ပညာ၊ သမ္မာ၊ အာဘာနတ္ထိ" "ပညာ မှ တပါး အခြား ကိုးကွယ်ရာမဟိ"။ ဒေ စ ကားကို ဆင်ခြင်သုံးသပ်ကြည့်ဖို့ဆိုကေ ပညာကို ဗုရားအဖြစ်နန့် ကိုးကွယ်ကတ်ရဖို့ ဆိုရေ အဓိပ္ပါယ် နန့်တောင် အလွန်အကျွံ ပြောဆိုခ ကတ်တေ။ ထာဝ ရဗုရား ကိုလက်ခံရေ ဘာသာတိ ကတော့ "God is Almighty One." ဗုရားသခင်ရေ အနန္တတန်းခိုးသျှင် ဖြစ်တေ" လို့ ဆိုပါရေ။ ပညာသမားတိဖက်က ဝင်ပ နာစဉ်းစားကြည့်ရေခါ "Wisdom is Almighty God." "ဉာဏ်ပညာရေ အနန္တတန်းခိုးသျှင်၊ ဗုရားသခင်ဖြစ် တေ" ဆိုရေ အဓိပ္ပါယ်မျိုးတောင် သက်ရောက်နိန်ပါ လား လို့ အတွေးနယ်ချဲ့နိန်မိရေ။ ဗုဒ္ဓကလည်း ဟိန္ဒူ နတ်ဗုရားကိုးကွယ်မှုကို ဆန့်ကျင်တော်လှန်ပြီးကေ "ငါသည်သာလျှင် သဗ္ဗညုတ ရွှီဉာဏ်တော် (Enlightenment) ကို ရရေ၊ ဗုရားဖြစ်တေ" လို့ ကြေ ညာခ ရေ။

စီးပွါးရေးနယ်ပယ်မှာတော့ "ပညာရှိအိုး၊ လူ မခိုး" "ပညာသည်သာ မြတ်ရှီအိုး"၊ လူမှုရေး နယ်

စာမျက်နှာ (၆) သို့

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။

*(သျှင်မဟာသီလဝံသ)*

Education is a better safeguard of liberty than a standing army.

Edward Everett

***"လွတ်လပ်ရေး ကို အကာအကွယ် ပီးရေနိန်ရာမှာ ပညာရေး ရေ စစ်တပ် တတပ် ချထားစွာထက်ပိုမို ကောင်းမွန်ပါရေ"***

အက်ဒွါ့အဲဝရက်

(အမေရိကန်နိုင်ငံရေးသမား)

# အဒေါ်တာ့စကား

လူသားသမိုင်းတိုးတက်မှုဖြစ်စဉ်ကို ပြန်ကြည့်ကေ လွန်ခရေ အနှစ် သျှစ်ထောင် လောက်မှာစတင်ရေ စက်သီး(ဘီး) တီထွင်မှု၊ အနှစ် ၅၅၀၀ လောက်မှာ စပေါ်ရေ "စာအရီးအသား"၊ ယင်းနောက် အကျွန်ရို့နန့် အပါးဆုံးအဖြစ် သက္ကရာဇ် ၁၇၀၀ ကျော်မှာ ဖြစ်ပွါးလာရေ စက်မှုတော်လှန်ရေး၊ တယ်လီဖုန်း (၁၈၇၆)၊ ကား (၁၈၉၃)၊ ရေဒီယို (၁၈၉၅)၊ တယ်လီဗေးသျှန်း (၁၉၂၇)၊ ကွန်ပျူတာ (၁၉၄၆)၊ အီးမေးလ် (၁၉၇၁)၊ အိန်တာနက် (၁၉၈၂) က နိန် အေနိ အိုင်ဖုန်း ခေတ်ထိ တီထွင်မှုပေါင်းများစွာနန့်အတူ ဖြတ်သန်း၊ ဖြစ်ထွန်းလာလတ်စွာပါ။

လူသားအတွေးအခေါ်သမိုင်း၏ အမြင့်မားဆုံး အဆင့်အနိန်တရပ်ကိုပြပါလို့ ဆိုကေတော့ခါ လွန်ခရေ နှစ်ပေါင်း ၂၀၀၀ ကျော် (ဗုဒ္ဓမြတ်စွာဗုရား၊ ပလေတို၊ ကွန်ဖျူးသျှပ်၊ ဂျီးဇက်စ် ရို့) ခေတ်ကို လက်ညှိုးညွှန်ကတ်ရဖို့ဖြစ်ပါရေ။ ဘဇာကြောင့်လည်းဆိုကေ ယင်းကျင့်ကြံအားထုတ်မှုတိ၊ တွေးခေါ်မြော်မြင်မှုတိ၊ (ကိုယ့်ကိုကိုယ်) ရှာဖွီတွီ့ဟိမှုတိကို အေနိခေတ်လူသားတိ အေဂုအချိန်အထိ လက်ခံ၊ ယုံကြည်၊ ကိုးကွယ်၊ ဆည်းကပ်နိန်ကတ်ရသိမ့်လို့ပင်ဖြစ်ပါရေ။

အုပ်ချုပ်မှုအပိုင်းမှာတော့ကေ ကေရာဇ် ဘုရင်ခေတ်၊ ကိုလိုနီခေတ်၊ ကျွန်ခေတ်၊ လူတန်းစား တော်လှန်ရေး၊ ကွန်မျူနိ /ဆိုသျှယ်လိ တော်လှန်ရေး ခေတ်၊ လွတ်လပ်မှုတော်လှန်ရေး၊ ဒီမိုခရေစီတော်လှန်ရေး အစဟိရေ ခေတ်ပေါင်းများစွာကိုလည်း အသက်၊ သွီး၊ ချွေး တိ၊ သန်းပေါင်းများစွာသော ဘဝတိကို ပီးဆပ်ပနာ ခရီးဆက်လာလတ်ကတ်စွာပါ။

ယင်း စဉ်းစားတွေးခေါ်မှုတိ၊ စွန့်ဦးတီထွင်မှုတိ၊ ဖြစ်ထွန်းမှုဖြစ်စဉ်တိ အားလုံး၏ အခြီခံကို ကို ကြည့်လိုက်ဖို့ဆိုကေ "ပညာ" ပါ။ လူတယောက်ချင်းစီ၏ ဘဝတိုးတက်မှု၊ အခြားတိ၏ အသိအမှတ်ပြုခြင်းကိုခံရမှု၊ ကိုးစားယုံကြည်ခြင်းခံရမှု အစဟိရေအခြင်းအရာတိ အားလုံးရေ ယင်းလူတဦးချင်းစီ၏ ပညာဥာဏ် ရင့်သန်မှု (အတန်းပညာကို အခြီခံသည့်တိုင် ယင်းကို အဓိကဆိုလိုနိန်စွာမဟုတ်ပါ) နန့်ကိုယ်ကျင့်တရားကောင်းမွန်မှုရို့အပေါ်မှာ အများကြီးမူတည်နိန်ပါရေ။ ယင်းလူတယောက်ချင်းစီနန့်ဖွဲ့စည်းထားရေ လူ့အဖွဲ့အစည်းစွာလည်း ယင်းနည်း၎င်းပါယာ။

နှစ်ပေါင်း ၂၀၀ ကျော် ကျွန်သက်ရှည်ပနာ အဖက်ဖက်က အောက်ကျ၊ နောက်ကျ၊ နိမ့်နိမ့်ကျကျ ဖြစ်ကျန်လိုက်တေ၊ ဖြစ်ကျန်နိန်ရေ ရခိုင့်လူ့အဖွဲ့အစည်း၏ ပြောင်းလဲတိုးတက်မှုတိအတွက် **ပညာသည်သာ အခရာ** ဆိုရေသဖေါနန့် စာကြောရီးသားထားရေ စာရီးဆရာ ကျော်သိန်းခိုင်၏ ဆောင်းပါးကို မျက်နှာဖုံးအဖြစ် ဖေါ်ပြပီးလိုက်ပါရေ။ (အချို့သောဖေါ်ပြမှုတိကို စာဖတ်သူတိထဲမှာ သဖေါတူမှု၊ မတူမှုတိ ဟိနိုင်ပါရေ။ သက်ဆိုင်ရာ စာရီးသူ / များ၏ သဖေါထား ဖြစ်ပါကြောင်းနန့် "အေအိုင်"၏ရပ်တည်မှုမဟုတ်ကြောင်း ကြိုတင်သျှင်းလင်းထားပါရစီ။)

လောလောဆယ်၊ အကျွန်ရို့တိမှာ စပါးသျှင်ကို မျောက်နှင်ကိန်းနန့်ကြုံနိန်ရေခါ ၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်နိက ကုလားဆိုးတိ၏လက်ချက်ကြောင့် ဘဝတပါးသို့ကူးပြောင်းလားသည့် ကျောက်နီမော်က အကျွန်ရို့၏ သွီချင်း မသီတာထွေး အတွက် အားလုံးနန့်ထပ်တူ ဝမ်းနဲကြီကွဲဖြစ်မိယင်းက သံဝေဂယူစရာက ဇာလဲဆိုကေ ရခိုင်ရို့၏ လက်ထဲမှာ ရခိုင်ရို့၏ အချုပ်အချာ အာဏာ လက်ဝယ်ပိုင်ပိုင် ရဟိမလာပဲနန့်တော့ကေ ယင်းသျှောင်မျိုးပြဿနာတိကို အေနိခေတ်၏ နိုင်ငံတကာအခင်းအကျင်းတိကြားမှာ အားအင်အပြည့် နန့် ဓမ္မဓိဌါန်ကျကျ ဖြေသျှင်းဖို့ဆိုစွာ မဖြစ်နိူင် လို့ ထင်မြင်မိကြောင်းပါ။

ခင်မင်မှုဖြင့်

ဦးသိန်းမောင်



**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

မျက်နှာဖုံးဆောင်းပါး မှ


ပယ်မှာလည်း “ပညာရဲရင့် ပွဲလယ်တင့်” လို့ ပြောဆိုရိုးသားခ ကတ်တေ။ အိင်္ဂလိပ်ချကတော့ကေ Knowledge is power. “ပညာစွာ တန်းခိုး” – ပညာဟိရေလူ တန်းခိုးကြီးရေ လို့ ဆိုပါရေ။

## အဝိဇ္ဇာ၊ မောဟ နန့် မသိမှု

လူ့ဘဝမှာ “မသိခြင်း” လောက် ဆိုးရွားရေ အရာ မဟိ’ လို့ တောင်ဆိုနိူင်ပါရေ။ ယေဇ “မဟိစွာထက် မသိစွာခက်” ဆိုရေ စကားတိ ထွက်ပေါ်လာရေ။ အမှန်မှာ လူတိ ဒုက္ခဖြစ်ရခြင်း၊ အရင်းခံတရားက လည်း မသိခြင်းက စ ပါရေ။ သဘာဝဓမ္မ၏ လျှို့ဝှက်နက်နဲမှု၊ မိမိရို့၏ စိတ်သဖေါ၊ သဘာဝကို နားမလည်ကတ်လို့လည်း ဒုက္ခစွာ ပိုလို့ ကြီးထွါးလာရရေ။ ဗုဒ္ဓဗုရားသျှင်ကလည်း လောဘ၊ ဒေါသ၊ မောဟ ဆိုရေ စိတ်သဘာဝ အမှန်တိကို နားမလည်ခြင်း (အဝိဇ္ဇာ) ကြောင့် လူသားတိဒုက္ခရောက်နိန်ရခြင်းဖြစ်တေ လို့ ဟောကြားခပါရေ။

လူသားအဖို့ “သိမှု” အရေးကြီးလို့ သားသမီးတိကို အသက် သုံး၊လေး နှစ် အရွယ်ကပင် ကျောင်းသို့ ပို့ပနာ ပညာသင်ယူစီကတ်တေ။ ဘွဲ့ရလို့ ကျောင်းပြီးဆုံးကေလည်း အပြင်လောက မှာ အသိပညာကို နည်းမျိုးစုံနန့် ဆက်လက်ရှာဖွီကတ်ရရေ။ ယင်းပိုင် မိမိရှာဖွီ သိဟိလာရေ အမှန်တရားတိကို မိမိဘဝ အကျိုးဖြစ်ထွန်းစီဖို့ လက်တွိ့ကျင့်သုံးကတ်ရရေ။

## သမိုင်းကို မသိရေလူ အနမ်း




ဒေါက်တာကျော် အသက်ထင်ရှားဟိစဉ်ကလည်း နောင်လာနောက်သားတိ အမှားကတ်ရအောင် မသိခြင်း၏ ဆိုးပြစ်ကို မပြတ်မှာကြားနိန်ခရေ။ “သမိုင်းကိုမသိကေ အ’ ရေ” ။ သူ့ဆရာ ဒေါက်တာသန်းထွန်းပြောခရေစကား။ သူ့နှလုံးသားထဲမှာ သံမှုတ်နန့် ခတ်ထားရေပိုင် စွဲမြဲခိုင်မာနိန်ရေ။ မသိမှုကြောင့် အမှားကို အမှန်ထင်ရေ။ လုပ်သင့်စွာကို မလုပ်ပဲ မလုပ်သင့်စွာကို လုပ်မိလျက်သားဖြစ်တေ။

မိမိသမိုင်းကို လူတိုင်းသိသင့်ရေ။ သမိုင်းဆိုစွာရေ မိမိရို့၏ မျိုးရိုးစဉ်ဆက်၊ အဖြစ်အပျက်၊ အဆိုး အကောင်း မှတ်တမ်းတိပင် မဟုတ်ပါလား။ တဦးချင်း၏ မှတ်တမ်းသမိုင်း၊ ကျေးရွာသမိုင်း၊ မြို့နယ်သမိုင်း၊ နိုင်ငံသမိုင်း၊ ကမ္ဘာ့သမိုင်း ဆိုပြီးကေ သမိုင်းတိ အမျိုးမျိုး ဟိကတ်တေ။ သက်ဆိုင်ရာ မိမိရို့၏ သမိုင်းကို အစဉ်အဆက် မပျောက်မပျက်ရအောင် ထိန်းသိမ်းရဖို့စွာရေ မိမိရို့၏ တာဝန်ပင်ဖြစ်တေ။

ယေကေလည်း သမိုင်းဆိုစွာရေ အတိတ်ဘဝက ရှိထီးဆောင်းခရစွာကို ပြန်တမ်းတနိန်ဖို့မဟုတ်။ သမိုင်းမှာနာကျည်းခ ရစွာတိကို ဒေါသတကြီးနန့် လက်စားချေ၊ တုန့်ပြန်နိန်ဖို့လည်းမဟုတ်။ အတိတ်သမိုင်းမှာ မှားခ ရေ လူတိကို အပြစ်တင်ပနာ ထိုင်ဆဲနိန်ဖို့လည်းမဟုတ်။ အတိတ်က အမှားမျိုး ထပ်မမှားရအောင်၊ ဆင်ဆင်ခြင်ခြင်လုပ်ကတ်ဖို့နန့်၊ ယင်းအမှားတိစွာရေ အနာဂါတ်အောင်ပွဲသို့ ချီတက်ရာမှာ အကောင်းဆုံးခြီလှမ်းတိအဖြစ် ပြောင်းလဲအသုံးချတတ်ဖို့က အရေးကြီးပါရေ။ ငါရို့ အယင်က ဇာဖြစ်ခ ကတ်လဲ။ အေဂု ဇာဘဝကို ရောက်နိန်ကတ်ရလဲ။ ငါရို့ဘဝစွာ ဇာပိုင်ယာဖြစ်သင့်လဲ။ အနာဂါတ်ကို ငါရို့ ဇာပိုင် ခရီးဆက်ကတ်ဖို့လဲ။ ယင်းပိုင်မိန်းခွန်းတိမိန်းပနာ အဖြေရှာကတ်ရဖို့။ ယင်းအဖြေအပေါ်မှာ ပန်းတိုင်ချမှတ်ကတ်ရဖို့။ ယင်းပန်းတိုင်ကို အောင်အောင်မြင်မြင် ရောက်ဖို့အတွက်တော့ အေလူ့ဘောင်မှာ နိန်ထိုင်ကတ်တေ လူတိအားလုံး၏ တာဝန်ပင်ဖြစ်တေ။

## ကျွန်သက်ရှည်သူတိ

ဒေနိ ကမ္ဘာမှာ အကြီးကျယ်ဆုံး၊ အတိုးတက်ဆုံးဖြစ်တေ အမေရိကန်စွာရေ ရခိုင်နိုင်ငံကျဆုံးပြီးလို့ ၃ နှစ်အကြာမှာ ပေါ်ပေါက်လာရေ နိုင်ငံသစ်တခုဖြစ်တေ။ တခါချေလေး မကြားဖူးသိမ့်ရေလူတိက ရခိုင်နိုင်ငံ လို့ ပြောကေ ရယ်ချင်ကတ်ဖို့။ ပျက်ရည်ပြုချင်ကတ်ဖို့။ သူရို့ကိုလည်း အပြစ်တင်စရာအကြောင်းမဟိ။ ရယ်ချင်ခြင်းသည်ပင်လျှင် မသိမှု၏ အကျိုးဆက်တခုရာဖြစ်တေ။ ကမ္ဘာ့ရှိအကျဆုံး နိုင်ငံတနိုင်ငံဖြစ်တေ ရခိုင်ရေ နှစ်ပေါင်း ငါးထောင်ကျော်ကြာအောင် ကမ္ဘာ့အလယ်မှာ ဝင့်ဝင့်ထည်ထည် ရပ်တည်ခ ရေ။ အေဒီ ၁၀၄၄ ခုက အစပြုခ ရေ ဗမာနိုင်ငံကတော့ နိုင်ငံသက်တမ်း ၈၀၀ ကျော်ကြာခပြီးကေ ၁၈၈၅ ခုမှာ ဗြိတိသျှကိုလိုနီဘဝကို ကျရောက်ခရေ။ ကျွန်သက် ၆၂ နှစ်ပြည့်ရေ ၁၉၄၈ ခုနှစ်ဆန်းစ မှာ ကိုယ့်နိုင်ငံကို ကိုယ် ပြန်ရလားရေ။ ရခိုင်ပြည်ကတော့ခါ ၁၇၈၄ ခုနှစ်မှာ ဗမာကျွန်ဖြစ်တေ။ တခါ ၁၈၂၆ ခုနှစ်မှာ ဗြိတိသျှ ကျွန်ဖြစ်တေ။ ဗြိတိသျှလက်အောက်က ဗမာတိ လွတ်လပ်ရေးရရေခါ ဗမာကျွန်ဘဝကို အလိုအလျှောက် (Automatically) ကျရောက်ခ ရပြန်ရေ။ ယင်းပိုင်နန့် ကျွန်သက်တမ်း ရှည်လာလိုက်တေစွာ အေနိထိ ကိုယ့်နိုင်ငံကို ကိုယ် ပြန်ရအောင် မလုပ်နိူင်ခကတ်သိမ့်။ အေချင့်ရေ ရခိုင်သားအားလုံး၏ ညံ့ဖျင်းမှုယာဖြစ်တေ။ အားလုံးမှာတာဝန်ဟိပါရေ။

→

## ယဉ်ကျေးမှုဆိတ်သုဉ်းပျောက်ကွယ်ရခြင်း

နိုင်ငံပျောက်တေခါ အာဏာမဟိဖြစ်ရရေ။ အာဏာမဟိရေအတွက် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်မဟိ။ လက်ဝီခံဘဝနန့် သူရို့ ပြုသမှုကို ကြေနပ်ရရေ။ အားမတန်လို့ မာန်လျှော့ကတ်ရရေ။ ယေဇု နှစ်တိကြာရေခါ စာပီလုံးဝပျောက်ကွယ်လားခရေ။ စာမဟိရေအတွက် သူများတိကဲ့ရဲ့ လှောင်ပြောင်မှုကိုလည်း ခံကတ်ရရေ။ စာတခုယာ ပျောက်စွာမဟုတ်။ ဂီတ၊ သုခုမ၊ အနုပညာတိ တခုချေလည်းမကျန်လိုက်။ အားလုံး အစ တုံး၊ မျိုးကန်းလားရေ။ (စကားချပ် – အကျွန်ရို့အငယ်ချေခါ ရခိုင်သခြင်းမဟိလို့ ရေဒီယိုက လာရေ ဗမာသခြင်းတိကိုယာ ဆိုခရေ။ ၁၉၈၀ ခုနှစ်လွန်ပိုင်းကျမှ ရခိုင်ဂီတစွန့်ဦးသျှင် (Entrepreneur) လပြည့်အောင်ရို့၊ ဦးမောင်သိန်းရို့၊ ကိုသန်းမောင်ရို့ ကျေးဇူးကြောင့် ရခိုင် သခြင်းတိ ပြန်ဆိုခွင့်ရကတ်တေ။)

ဘာသာစကားမှာလည်း တစစနန့် ဝါးမျိုခံနိန်ရလို့ ရခိုင်ဝေါဟာရတိ တရက်ပြီးတရက် ပျောက်ဆုံးနိန်ရရေ။ ယကေလည်း စကားချေတခု ကျန်သိမ့်လို့ ရခိုင်လူမျိုးဆိုစွာလည်း ဟိနိန်သိမ့်ရေ။ စကားပျောက်တေနိန့်စွာ လူမျိုးပျောက်တေနိန့်ဖြစ်တေ။ လူမျိုးမပျောက်အောင် ကာကွယ်ကတ်ရဖို့။ တဦးချင်းစီမှာတာဝန်ဟိရေ။ ဗမာစကားကို First Language (အဓိကစကား) အဖြစ်နန့် ပြောဆိုနိန်ကတ်တေ ရခိုင်သူ၊ ရခိုင်သားရို့ အထူးဆင်ခြင်ကတ်ရပါဖို့။ နောင်တရကတ်ဖို့ အချိန်တန်ပါယာ။

---

**ဗမာသံနန့်ရီးလို့ဗမာစာဖြစ်တေ၊ ရခိုင်သံနန့်ရီးကေရခိုင်စာဖြစ်တေ၊ ရခိုင်စာပီစွာ ဗမာစာပီထက် နှစ်ပေါင်း ၁၆၀၀ လောက်စောခရေ၊ အမှန်မှာ ရခိုင်နိုင်ငံ ကျဆုံးလားရေခါ ရခိုင်စာပီတိကို ဗမာမှုပြုခံလိုက်ရစွာယာ ဖြစ်တေ။**

---

## အတွေးအခေါ်တော်လှန်ပြောင်းလဲရေး

အမှန်မှာ အမေရိကန်စွာလည်း နိန့်ချင်း၊ ရက်ချင်း တိုးတက်လာစွာမျိုးမဟုတ်။ အေပိုင်တိုးတက်ပြောင်းလဲဖို့အတွက် အချိန်ယူပြီး လုပ်ဆောင်ခ ကတ်ရရေ။ အမေရိကန်တိုးတက်ဖွံ့ဖြိုးဖို့ အဓိက ကြံဆောင်ရာမှာ ဘိန်ဂျမိန်ဖရန်ကလိန် (Benjamin Franklin) စွာရေ အရေးပါရေ လူတယောက်ဖြစ်တေ။ သူစွာရေ အမေရိကန်သားတိ အသိဉာဏ်ဖွံ့ဖြိုးဖို့နန့် အတွေးအခေါ်မြင့်မားလာဖို့ မနားမနိန် ကြံဆောင်ခရေ။ အတွေးအခေါ်စွာရေ လူတယောက်၏တိုးတက်မှု၊ ဆုတ်ယုတ်မှု အတွက် အလွန်အရေးပါရေ အရာဖြစ်တေ။ အတွေးမှန်မှ အလုပ်မှန်ရေ။ အတွေးမှားကေ အလုပ်အကိုင်ကြီးတခုလုံးမှားယွင်းရရေ။ အေနိန့် လူတိအားကိုးနိန်ကတ်တေ သိပ္ပံပညာဆိုစွာလည်း အတွေးအခေါ်ပညာ (Philosophy) က အစပြုခ ရရေ။ ယေဇု အတွေးအခေါ်ပညာစွာ သိပ္ပံပညာ၏ မိခင်လို့ ပြောဆိုကတ်ပါရေ။

ဘိန်ဂျမိန်စွာ သူ့ပြည်သူတိ အသိဉာဏ်မြင့်လာဖို့ ကကောင်းအပင်ပမ်းခံကြိုးစားခရေ။ သူစွာ စာကြည့်တိုက်ထူထောင်ပနာ စက်သီးတစီးနန့် အိမ်တိုင်ယာရောက် စာအုပ်တိကို အခမဲ့ လိုက်ငှါးပီးရေ။ စာမဖတ်ချင်ကေ ဖတ်ချင်အောင်လုပ်တေနည်းဖြစ်တေ။ ဖတ်ပြီးသား စာအုပ်တိကို ပုံမှန်သိမ်းဆည်းခြင်း၊ စာအုပ်အသစ်တိ ထပ်ငှါးပီးခြင်းတိကိုလည်း စိတ်ရှည်၊ လက်ရှည်နန့် မပျက်မကွက်လုပ်ဆောင်ခရေ။ သူ့ကျေးဇူးကြောင့် နောက်ပိုင်းမှာ လူတိစာဖတ်ဝါသနာပါလာကတ်တေ။ ဗဟုသုတတိကြွယ်ဝလာကတ်တေ။ မိမိရို့ သိထားရေ အသိပညာတိကို အချင်းချင်းနှီးနှောဖလှယ်လာကတ်တေ။ နောက်ပိုင်းမှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်အောင် ဟောပြောပွဲတိလုပ်လာကတ်တေ။ ယင်းပိုင်နန့် ပရိသတ်ရှိမှာ စနစ်တကျ ပြောဆိုတတ်တေ အကျင့်တိရလာကတ်တေ။ ယင်းပိုင်နိုင်ငံသားတယောက်ချင်းစီကို အသိပညာမြင့်မားအောင် ကြံဆောင်ပီးနိုင်ခ ကတ်လို့ အမေရိကန်စွာ အေနိန့် အေအဆင့်အတန်းကို ရောက်နိန်ရစွာဖြစ်တေ။ ပြည်သူတရပ်လုံး အသိပညာအဆင့်အတန်း မြင့်မားကတ်လို့ ပြည်သူ့ကိုယ်စားလှယ်နန့် အုပ်ချုပ်ရရေ ဒီမိုခရေစီ စနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖေါ်နိုင်ခ စွာဖြစ်တေ။ ပြည်သူ့အသိဉာဏ်မြင့်လီ၊ ဒီမိုခရေစီရှပ်လုံးပေါ်လီ ဖြစ်တေ။

## ရခိုင်ဘိန်ဂျမိန်တိ အလိုဟိရေ

We need fellow Arakanese like Benjamin.

ဘိန်ဂျမိန်ထုံးကို နှလုံးမူပြီးကေ ရခိုင်ပြည်မှာလည်း မြို့တိုင်း၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းမှာ စာကြည့်တိုက်ထူထောင်သင့်ရေ။ စာကြည့်တိုက်ထူထောင်စွာကိုတော့ အာဏာသျှင်အစိုးရ၊ စစ်အစိုးရတိတောင် အရေးယူလို့မရနိုင်ရေကိစ္စ။ ဒီမိုခရေစီအစိုးရဖြစ်လာကေ ပိုပြီးလုပ်ပိုင်ခွင့်တိ ရနိုင်ရေ။ လူတိအနိန်နန့် စာအုပ်လှူရေ အလှူအတန်းမျိုး ပိုပြီးလုပ်ကတ်ရဖို့။ စာဖတ်ဝါသနာ ပါလာဖို့အတွက် ဗမာစာနန့် အစ ပျိုးကတ်ရဖို့။ အသိဉာဏ်မြင့်လာစွာနန့်အမျှ ရခိုင်စာပီတိ ရီးသားရဖို့၊ ဖေါ်ထုတ်ကတ်ရဖို့။ စကားဟိကေ စာဟိရေ။ ဗမာသံနန့်ရီးလို့ ဗမာစာဖြစ်တေ။ ရခိုင်သံနန့်ရီးကေရခိုင်စာဖြစ်တေ။ ရခိုင်စာပီစွာ ဗမာစာပီထက် နှစ်ပေါင်း ၁၆၀၀ လောက်စောခရေ။ အမှန်မှာ ရခိုင်နိုင်ငံကျဆုံးလားရေခါ ရခိုင်စာပီတိကို ဗမာမှုပြုခံလိုက်ရစွာယာဖြစ်တေ။ ကျေးရွာကလူတိ၊ စာရီးသားခွင့်ရအောင်နန့် ကိုယ့်အစွမ်းအစတိကို ဖေါ်ထုတ်ခွင့်ရအောင် တရွာမှာ လစဉ်မဂ္ဂဇိန်းတစောင်လောက် ထုတ်နိုင်အောင် ကြိုးစားကတ်ရဖို့။ လူရှိသူရှိ မှာ ပြောတတ်၊ ဆိုတတ်အောင် တလတခါ ဆိုရေပိုင် စာပီဟောပြောပွဲတိကျင်းပပီးကတ်ရဖို့။ အေချင့်ရေ အကျွန်ဖြစ်စီချင်ရေ အမြင်ချေတခု (My wishful thinking) ယာဖြစ်တေ။ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုစွာကို အများဆုံးဖြတ်ကတ်လိမ့်မေ။

→

### ဘ၀ကို ပညာနန့်မြှင့်တင်ကတ်

**စာသင်ခွင့်ရယင့်သားနန့် ဖေသာတပြား၊ နှစ်ပြားချေ အတွက် အလုပ်ကြမ်းထဲမှာ ဘ၀ကို စတေး ပလိုက်ကတ်တေ၊ ကကောင်းရင်နာဖို့ကောင်းပါရေ။**

အယင်ဆုံးဆယ်တန်းအောင် အောင် သင်ထားဖို့လိုရေ။ နိုင်ငံခြားမှာ ရောက်နိန်ကတ်တေ လူတိက ကိုယ့်တူချေ၊ တူမချေ တယောက်လောက်ကို နိုင်ငံတကာအဆင့်မီ ဘွဲ့တခုရအောင် သင်ပီးနိုင်ရေလူလို့ အကျွန်ရို့ တန်ဖိုးထား၊ လေးစားကတ်ဖို့။ ယင်းချင့်ရေ ပညာဒါန ပြုခြင်း တမျိုးဖြစ်တေ။ ယင်းပိုင် ပညာဒါန ပြုခြင်းကို ဂုဏ်ယူတတ်ကတ်ရဖို့။ နိုင်ငံခြားမှာ စာသင်ခွင့်မရခင် TOFEL, IELT, SAT အစဟိရေ နိုင်ငံခြား တက္ကသိုလ်ဝင်ခွင့်ရ စာမေးပွဲတိ ဖြေထားကတ်ရဖို့။ LCCI ရို့ပိုင် နိုင်ငံခြားမှာ အလုပ်ရလွယ်ရေ လက်မှတ်တိ ယူထားကတ်ရဖို့။ အိင်္ဂလိချ် စကားတတ်ဖို့ကတော့ British Council ရို့ American Center ရို့ကို ချဉ်းကပ်ကတ်ရဖို့။

ဒေနိန့် အမေရိကန်မှာ ရောက်နိန်ကတ်တေ ရခိုင်သားဦးရေ ထောင်ဂဏန်းအထက်မှာဟိရေ။ ယင်းအထဲမှာ ကိုယ့်ပြည်ကပင် ၁၀ တန်းအောင် ဘွဲ့ရခရေ လူတိမနည်းပါရေ။ ယင်းပိုင်အခြီခံပညာ ပါလာရေလူတိကတောင် စာသင်ခွင့်ရယင့်သားနန့် ဖေသာတပြား၊ နှစ်ပြားချေ အတွက် အလုပ်ကြမ်းထဲမှာ ဘ၀ကို စတေးပလိုက်ကတ်တေ။ ကကောင်းရင်နာဖို့ကောင်းပါရေ။ အေချင့်ရေ ရခိုင်ပြည်အတွက် အလားအလာကောင်းပါ။ ဆယ်တန်းအောက်ဟိရေ လူတိအတွက်လည်း အမေရိကန်မှာ စာသင်ဖို့အခွင့်အလမ်းတိဟိနိန်ပါရေ။ သင်ချင်စိတ်ဟိကေဘွဲ့ယူလို့ရရေ။ ဘွဲ့မယူချင်ကေလည်း အနည်းဆုံး အိင်္ဂလိချ် စကားချေလောက် တတ်အောင် ESL, ESOL သင်တန်းရို့ကို အလုပ်လုပ်ယင်းနန့် အချိန်ပိုင်းတက်ကတ်ရဖို့။ ပညာကရာ ရခိုင်သားရို့ဘ၀ကို ကယ်တင်နိူင်ဖို့ဖြစ်တေ။ ယေဇ္ ရခိုင်သားရို့ရေ ပညာကို ဗုရားပိုင်ကိုးကွယ်ကတ်ရဖို့။ အားကိုးကတ်ရဖို့။ ကိုယ့်ပညာကရာ ကိုယ့်ကို ပြန်ကယ်တင်နိူင်ရေ။ တယောက်ကလဲ ကိုယ့်ကိုလာလို့ မကယ်တင်နိူင်။ “အတ္တာဟိ၊ အတ္တနော၊ နာထော” မိမိသည်သာ ကိုးကွယ်ရာ ဆိုရေ စကားအမှန်ဖြစ်တေ။ လူတိုင်းပညာပြည့်၀၊ နှလုံးလှရေ လူချွန်၊ လူမွန်တိ ဖြစ်အောင် ကြိုးစားကတ်ရဖို့။ ယင်းလူတိကရာ ရခိုင်ပြည်နန့် ရခိုင်လူမျိုးကို ကယ်တင်နိူင်ဖို့ဖြစ်တေ။

### ပညာသာလျှင် ကယ်တင်သျှင်

Wisdom is savior

ရခိုင်ပြည်နန့် ရခိုင်လူမျိုးကို ပညာက ကယ်တင်ခ ရေ။ သက်သီအထောက်အထားတိ အများကြီးဟိခ ပါရေ။ လူတိုင်းမှီလိုက်တေ မျက်မှောက်ခေတ် ကယ်တင်ခြင်းတချို့ကို တင်ပြပါရစီ။ ဗမာပြည်က နိုင်ငံကျော် ဖုန်းကြီးနန့် အဖွဲ့ရို့က ရခိုင်ပြည်ကို ဘာသာရေးစစ်ဆင်နွဲဖူးရေ။ ပြဿနာက ဗုဒ္ဓဂေါတမ သက်တော်ထင်ရှားဟိစဉ် ရခိုင်ပြည်ကို ဒေသစာရီ ကြွချီခ ရေ’ ဆိုစွာကို ဇာအထောက်အထားနန့်ပြောနိူင်လဲ – သျှင်းပြခိုင်းရေ။ ပြဿနာကတမျိုးသားလုံးနန့်ဆိုင်ရေပြဿနာ။ ကကောင်း ကြီးကျယ်ပါရေ။ ယေခါ အကျွန်ရို့၏ အမိအဖသဖွယ်ဖြစ်တေ ရခိုင်ပညာဟိဦးဦးသာထွန်းက ပညာပြည့်ဝလို့ ဖြေသျှင်းပီးနိူင်ခရေ။ ယေဇ္ တမျိုးသားလုံး အရှက်တကွဲ အကျိုးနဲ မဖြစ်လိုက်။ အေချင့်ရေ ရခိုင်ကို ပညာက ကယ်တင်ခြင်းတခုဖြစ်တေ။

တခါ ရခိုင်ပြည်မှာ သူရို့ကိုယ်သူရို့ ရိုဟင်ဂျာ ပါလို့ ကျွီးကြော်ပနာ သမိုင်းကို လုပ်ကြံဖန်တီးကတ်တေ၊ ကုလားတိပြဿနာက တဆတ်ဆတ်ကြီးကျယ်လာရေ။ ကမ္ဘာကလည်း လိမ်ရေလူကိုရာ အမှန်ထင်ပြီးကေ ဂရုဏာသက်ကတ်တေ။ ကူညီကတ်တေ။ သူရို့ဖက်က အရေးဝင်ကတ်တေ။ ရခိုင်မှာ ကယ်ဖို့လူ တယောက်ချေလည်းမဟိ။ နောက်ဆုံး ရခိုင်သားဖြစ်တေ သမိုင်းပညာသျှင် ဒေါက်တာအေးချမ်းကရာ မအားလပ်တေကြားက အပင်ပမ်းခံပနာ မနိန်မနား သမိုင်းသျှင်းလင်းချက် စာအုပ်ကို ရီးသားခ ရရေ။ အေးချင့်သည့်ပင်လျှင် ရခိုင်ကို ပညာက ကယ်တင်ခြင်းတရပ်ဖြစ်တေ။

ရခိုင်သမိုင်းပညာသျှင် ဒေါက်တာ ကျော် ကလည်း ဗမာလူမျိုးရို့၏ သမိုင်းလုပ်ရပ်အမှားတိကို BBC, VOA, RFA အသံလွှင့်ဌါနတိကနိန် အခါအခွင့်သင့်တိုင်း ထောက်ပြပြောဆိုခ ရေ။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာလည်း ရခိုင်သမိုင်းသျှင်းလင်းပွဲတိပြုလုပ်ရေပိုင် အခွင့်အရေးရတိုင်း၊ တိုင်းရင်းသားတိ ဆုံးယှံုး နစ်နာမှုတိကို အမြဲဖေါ်ထုတ်နိန်ခ ရေ။

ဦးအေးသာအောင်၏ အချက်ကျကျ ပြောဆိုတတ်မှု၊ စနစ်တကျရီးသားတတ်မှုကြောင့် တိုင်းရင်းသားအရေးကို ဗမာရို့က လက်ခံခ ရရေ။ ရခိုင်နိုင်ငံရေးသမားကောင်းတယောက်ဖြစ်တေ ဆရာ စံကျော်ထွန်းကလည်း သူ့ပညာကို သူ့အတွိအကြုံနန့် ရခိုင်သမိုင်းသုံးသပ်ချက်တစောင်ကို နောင်လာနောက်သားတိအတွက် ပြုစုထားနိူင်ခ ရေ။ အေချင့်တိရေ ပညာသျှင်ရို့တိ လုပ်ရပ်ဖြစ်တေ။ အေချင့်သည့်ပင်လျှင် ရခိုင်ပြည်ကို ပညာက ကာကွယ်နိန်ခြင်း၊ တနည်းအားဖြင့် ကယ်တင်နိူင်ခြင်းဖြစ်တေ။

ယကေလည်း တဦးကောင်း၊ တယောက်ကောင်း ပညာဟိရုံနန့် ရခိုင်ပြည်ကို လက်ဟိဘ၀က ကယ်တင်နိူင်ဖို့ မဖြစ်နိူင်။ ရခိုင်သားအများစု ပညာဟိမှရာ ကယ်တင်နိူင်ဖို့ဖြစ်လိမ့်မေ။ ယေဇ္ ရခိုင်သားတဦးချင်းစီက မိမိကိုယ်ကို မိမိ ပညာပြည့်၀၊ နှလုံးလှအောင် ပြုစု ပျိုးထောင်ကတ်ရဖို့။ ရခိုင်လူ့အဖွဲ့အစည်းကို ပညာလူ့အဖွဲ့အစည်းသို့ တဆတ်ဆတ်ပြောင်းလဲယူကတ်ရဖို့။ ယင်းပညာလူ့အဖွဲ့အစည်းကရာ ရခိုင်ကံကြမ္မာကို ရခိုင်ရို့ ဖန်တီးနိူင်အောင် ကြံဆောင်ပီးလိမ့်မေလို့ ယူဆမိပါကြောင်း အများသူငါရို့ သုံးသပ်ကတ်ဖို့ ရိုရိုသေသေ နန့် ရီးသားတင်ပြပါရေ။

**အစဉ်လေးစားလျှက်**

**ကျော်သိန်းခိုင်**

# “အကျွန်ရို့ရခိုင်အမျိုးသား ပညာသျှင်ဆရာကြီး ပါမောက္ခဒေါက်တာဧကျော်နှင့် ရွာမသား ဧကျော် ရခိုင်အစစ်ဆုံး ဖြစ်စဉ်အပေါ် ရင်ထဲကခံစားချက် အပိုင်းအစများ (၂)”

အသျှင်ခေမာစာရ (ရဟန်းပျို့သမဂ္ဂ)

(အယင်လ မှ အဆက်)

**ရခိုင် လို့ ပြောရေနိန်ရာမှာ ကျောက်စာ တချပ်လိုလို့လား၊ မြို့ရိုးတံတိုင်းတခု လို လို့လား၊ နာရီစင်တခု လိုလို့လား၊ ရခိုင်ပီသ ရေ မိသားစု၊ ရခိုင်မျိုးဆက်၊ ရခိုင် အသိုင်း အဝိုင်းဖြစ်ကေ ရခိုင်ဖြစ်ဖို့မလုံလောက်လား၊ ရခိုင်ပီသကေ အညင်းသီး ကြိုက်ဖို့၊ မုန့်တီ ကြိုက်ဖို့၊ ငရုပ်သီးစား ဖို့၊ ချောင်းမြင်ကေ ဂျွမ်းထိုးချပနာ ရီချိုးချင်ရေ၊ ရခိုင် ပီ မပီ ဒေပေတံနန့် တိုင်းကြည့်၊ ယင်းဟာယာ....**

• • • • •

ပြီးကေ “အိုးထိမ်းမော်ကျောက်စာ” ဟာလဲ အေဒီ ၆ ရာစု မရောက်ခင် သုံးစွဲခရေ ရခိုင်စာပီထဲမှာတွိ့ရမေ။ နောက်တခု ဆရာကြီး ပြော ပြောနိန် ရေ သံတွဲက ဆံတော်၊ အံတော်၊ နံတော် ဇာတီဒိန်ဟာ အိန်ဒိုနီးသျှား ဗောရိုးဗုရုဇာတီပုထိုးဒိန်နန့် ခေတ်ပြိုင်ပိုင်သျှောင် “သံတွဲ” ဆိုစွာလဲ ကျောက်ခေတ်မြို့တော် (၃) ခု (ဒမတ်စကတ်၊ ဗာရာဏာသီ၊ သံတွဲ) ထဲမှာ ပါရေဆိုကေ ဒေအရပ်၊ ဒေဒေသဟာ အမျိုးသားမာန်မဟိလို့ ဖြစ်ဖို့သိမ်းလား။ ကြေ့–––ယင်းစွာကြောင့် ဆရာကြီးက “ရွာမသား ဧကျော် ရခိုင် အစစ်ဆုံး” ဆိုပြီး ပြောတိုင်း ပြောတိုင်း လက်မထောင် ဂုဏ်ယူဝင့်ကြွား ပြောစွာဖြစ်ပါလိမ့်မေ။

ယေပြီး ဆရာကြီးဟာ အမျိုးသားရေးနန့် ပက်သက်ပြီး နိမိတ် ပီးခံရသူတဦးဆိုစွာသိရရေ။ တက္ကသိုလ်ကျောင်းသားဘဝ၊ ဟိုစဉ်က ဆရာကြီးနန့် ကျောင်းနိန်ဖက်၊ အထူးခင်မင်တွဲဖြစ်ခရေ AIA အထွေထွေ အတွင်းရေးမှူး ဦးစံကျော်ထွန်းနန့်အတူ ရခိုင်ရာဇဝင်သမိုင်းသုတေသီ ပဏ္ဍိတ်ကြီး၊ ဆရာကြီး ဦး ဦးသာထွန်းပါးကို လားကတ်တေလို့ ဆိုရေ။ ဆရာကြီး ဦး ဦးသာထွန်း နန့် တွိ့စဉ်မှာ ဆရာကြီးက “မင်းရို့ နှစ်ယောက်ကို ဆရာကြီး ကောင်းကောင်းအားကိုးရေနှမ်း” ဆိုပြီးကေ ပြောရေလှုတ်။ ဇာကို အားကိုးရောင်။ ဇာကို အားကိုးပါလဲ။ ဇာကို ဆိုလိုလဲ။ စဉ်းစားဖို့ မလိုလား။ လူရုပ်လူရည်မြင်စွာနန့် တန်းပြောရေ’ ဆိုစွာ မလွယ်ပါနှောင်း။ ဆရာကြီး ဒေါက်တာအေးကျော်နန့် ဦးစံကျော်ထွန်းရို့ ကျောက်ဖြူပင်လယ်နားမှာ ထိုင်ယက်ပင်း စာကျက်ပနာ အနာဂါတ် ရခိုင်ပြည် အကြောင်း မပြောခပဲ နိန်ကတ်ဖို့လား။ သူရို့ ဇာပြောခရေလဲ။

ဂနိခေတ် ရခိုင်ကလေချေဒိန်ပြောရေပိုင် “အနာဂါတ် ရခိုင်ပြည်မှာ ရခိုင်လက်ရှိးစင်ဘောလုံးအသင်းက တောင်ကိုးရီးယားဘောလုံး အသင်းကို လေးဂိုး–ဂိုးမဟိ သွင်းပစ်တေဝေး” ဆိုပြီး မပြောပဲ ဟိလီကတ် ဖို့လား။ ဒေချင့် သူရို့ နှစ်ယောက်ကလွဲလို့ အသူလဲ သိနိူင်လီဖို့မဟုတ် ထင်ရေ။ ယင်းသူငယ်ချင်းနှစ်ယောက်ရို့ထဲမှာ တယောက်က တော်လှန်ရေးခေါင်းဆောင်ဖြစ်လားခပြီးကေ၊ အရာတယောက်က ကမ္ဘာ့ အတိုးတက်ဆုံးနိုင်ငံတနိုင်ငံ၏ အကြီးဆုံးမြို့က အကြီးဆုံးတက္ကသိုလ်မှာ ပါမောက္ခ (ဆရာ) လားဖြစ်တေ။ နှစ်ယောက်စလုံး မယှုုခ။

ချင်းမိုင်တွိ့ဆုံဆွေးနွေးပွဲမှာ ဆရာကြီးပြောလားခရေ “ကျောက်စာတချပ် အခြီခံ ရခိုင်အမျိုးသားစစ်စစ်ဝါဒ” ကို စာရှိးဒေအသျှင် ပြောလှည့်ကျရေခါ စကေချေ ယိပြီးပြောဖြစ်တေ။ ဆရာကြီးသဖေါ်ကျရေဆိုကေ မပြောကေ့ဖိ။ တဟီးဟီးလုပ်နိန်စွာ မြင်ဖူးလိုက်ကတ်ပါလိမ့်မေ။ ရခိုင်’ လို့ ပြောရေနိန်ရာမှာ ကျောက်စာတချပ်လိုလို့လား။ မြို့ရိုးတံတိုင်းတခု လိုလို့လား။ နာရီစင်တခု လိုလို့လား။ ရခိုင်ပီသရေ မိသားစု၊ ရခိုင်မျိုးဆက်၊ ရခိုင်အသိုင်းအဝိုင်းဖြစ်ကေ ရခိုင်ဖြစ်ဖို့မလုံလောက်လား။ ရခိုင်ပီသကေ အညင်းသီးကြိုက်ဖို့။ မုန့်တီကြိုက်ဖို့။ ငရုပ်သီးစားဖို့။ ချောင်းမြင်ကေ ဂျွမ်းထိုးချပနာ ရီချိုးချင်ရေ။ ရခိုင် ပီ မပီ ဒေပေတံနန့်တိုင်းကြည့်၊ ယင်းဟာယာ” လို့ ပြောလိုက်စွာယာ။ ချင်းမိုင်တွိ့ဆုံပွဲမှာ တူနန့်ဝရီး ဒေပိုင်သဖေါ်ထား ကွဲဖူးခကတ်စွာ တစိချေ သျှင်းပြစွာယာ။

အေး ယေကေ ဟုတ်ယာ။ ဆရာကြီးနန့် ပက်သက်လို့ ဒေပိုင်ရီးစရာ၊ ပြောစရာ တပုံတခေါင်းကြီးထေ။ ဆုံးဖို့မဟုတ်။ ယင်းစွာကြောင့် ဒေလောက်နန့် ဒေစာရီးစွာကို ဆုံးလိုက်ချင်ရေ။ ပန်းဇင်း၊ မောင်သျှင်၊ လူကြီး၊ လူချေ အားလုံးနန့် အေဒီတာ ဦး ဦးသိန်းမောင်ကို အကြီးအကျယ် ကျေးဇူးတင်ရေ။ ရွာမသား ရခိုင်စစ်စစ် ဘကြီး၊ ဆရာကြီးပါမောက္ခ ဒေါက်တာဧကျော် ကောင်းရာသုဂတိ လားနိူင်ပါစီ။ ။

**အသျှင်ခေမာစာရ** (ရဟန်းပျို့သမဂ္ဂ)

# အကျွန်သတိထားမိသောအိန်တာဗျူးအမိန်းအဖြေများ

**မောင်သာပေါ် (ရမ်းပြဲ)**

**(အကျွန်သည် အချိန်ရ၍ အခြေအနေပီးလျှင် ပီးရေသျှောင်၊ စိတ်ပါလျှင်ပါရေသျှောင် Time, Newsweek, Economist စသည့် မဂ္ဂဇိန်းများကို ဖတ်ပါသည်။ ယင်းမဂ္ဂဇိန်းများထဲမှ အိန်တာဗျူးများကို စိတ်ဝင်တစား ပို ဖတ်လေ့ ဟိပါသည်။ နိုင်ငံ ဂေါင်းဆောင်များ၊ အနုပညာသျှင်များ၊ တီထွင်သူများ၊ စာရီး ဆရာများ၊ အားကစားသမားများ အစဟိသူများနှင့် တွိဆုံ မိန်းမြန်းသည့် အိန်တာဗျူး မိန်းခွန်းနှင့် အဖြေများထဲတွင် (အကြောင်းအမျိုးမျိုးကြောင့်) အချို့ကိုကြိုက်နှစ်သက်ပြီး အချို့ကို မကြိုက်ဖြစ်ပါ။ ပုဂ္ဂလိကဆိုင်ရာ ကြိုက်ခြင်း၊ မကြိုက်ခြင်းကို အပ ထား၍ ယင်းရို့အထဲ၌ မိန်း /ဖြေ ဝိုင်းထဲတွင် ပါဝင်သူများ ၏ စကားပြောဟန်ကိုလည်းကောင်း၊ ရွီးချယ်သုံးနှုန်းကတ်သော စကားလုံးများကိုလည်းကောင်း၊ လွတ်လပ်စွာ ပြောဆိုတတ်သည့် စတိုင် ကိုလည်းကောင်း အစဟိသည့် အချက်အလက်များအပေါ်အခြီခံလျှက် အကျွန်သတိထားမိသော အိန်တာဗျူး အမိန်းအဖြေများကို ဘာသာပြန်ဆိုလျှက် စာစုချေတခုအဖြစ် စုဆောင်း တင်ပြလိုက်ပါသည်။)**

**မိန်း။ ။ ဝီကီပေဒီးယား (Wikipedia) ကို ဘဇောင်စ ဖြစ်ခပါလဲ။**




ဝီကီပေဒီးယားရေ လူတိုင်းအတွက် အခမဟိ (မဲ့) စွယ်စုံကျမ်း (Free Encyclopedia) တခုလုပ်ဖို့အတွက် အကျွန်၏ ဒုတိယကြိုးစားမှုပါ။ ပထမ လုပ်ခ စွာက နျူပေဒီးယား (Nupedia) — မစွံခ ပါ။ နျူပေဒီးယားမှာ အကျွန်ရို့ လုပ်ဖို့ကြိုးပမ်း ခစွာက ပညာသျှင်အဆင့်ပုံစံမျိုး၊ အသက်မွီးဝမ်းကျောင်းပုံစံမျိုး ဆန်လွန်းရေခါ လွတ်လွတ်လပ်လပ် ရီးချင်၊ ဖတ်ချင်ရေလူတိအတွက် ပျင်းကောင်း ထမဏ်း ဖြစ်လားပါရေ။ နောက်ဆုံး ၂၀၀၁ ခုနှစ်မှာ အကျွန် ဝီကီပေဒီးယား ကို စပြီးကေ ထုတ်လွှင့်ခစွာမှာ ဝက်ဘ်ဆိုဒ်ရေ ကြီးသထက်ကြီး၊ တိုးတက်သထက် တိုးတက်လာပါရေ။

**မိန်း။ ။ ဝီကီပေဒီးယားမှာ လူတိုင်းဝင်ပနာ တည်းဖြတ်စွာကို ခွင့်ပြုဖို့အတွက် ဇာဖြစ်လို့ ဆုံးဖြတ်ခ စွာပါလဲ။**




လူတိုင်းကို တည်းဖြတ်ခွင့် ပီးထားခြင်း၏ အဓိက ရည်ရွယ်ချက်က တော့ကေ အရည်အသွီး ကိစ္စကြောင့်ပါ။ ယင်းချင့်ရေ ပွင့်ပွင့်လင်းလင်း ဖွင့်ထားခြင်း (open) ပါ။ ဒီမိုခရက်ထိခ် (Democratic) ဆန်ဆန် အပြန်အလှန် ဆွေးနွေးကတ်တေ သဖေပါ။ အိန်ထာနက်၏ မဟာအလှတခုက ဇာလဲဆိုကေ လူတိုင်းကို အပြု သဖေါဆောင်စွာနန့် ပါဝင်ခွင့်၊ ထည့်ဝင်ခွင့် ပီးထားခြင်းပင် ဖြစ်ပါရေ။

(Wikipedia တည်ထောင်သူ Jummy Wales နှင့် တွိဆုံခန်း မှ — Time / January 24, 2011)

◆ ◆ ◆

**မိန်း။ ။ ဘဝသက်တမ်းတလျှောက်မှာ အမြင်ချင်ဆုံး၊ အဖြစ်ချင်ဆုံး သိပ္ပံပညာရပ်ဆိုင်ရာ အောင်မြင်မှုကြီး တခုကို ပြောပါ လို့ ဆိုကေဇာကိုပြောပါဖို့လဲ။**



အကျွန် အမြင်တွိချင်ဆုံး သိပ္ပံပညာရပ်ဆိုင်ရာ အောင်မြင်မှု ကတော့ကေ နျူကလီးယားစွမ်းအင်ရေ အဓိက စွမ်းအင်အရင်းအမြစ် ဖြစ်လာစွာကိုပါ။ ယင်းကိစ္စရာ အထမြောက်လာဖို့ဆိုကေ သဘာဝ အရင်းအမြစ်တိကိုလည်း မထိခိုက်စီပဲ၊ လီထုညစ်ညမ်းမှုတိလည်း မဟိစီပဲ၊ ကမ္ဘာ့ရာသီဥတုကိုလည်း မပြောင်းလဲစီပဲ အကောင်းဆုံး တိုးတက်ဖြစ်ထွန်းလားဖို့ဖြစ်ပါရေ။

**မိန်း။ ။ တချိန်ချိန်မှာ ကမ္ဘာ့လူသားတိအားလုံးရေ ရူပဗေဒဆိုင်ရာတိကို နားလည်သိကျွမ်းလာကတ်ဖို့ လို့ ယူဆဖြစ်ပါလား။**



ယင်းသျှောင်မျိုး ဖြစ်လာဖို့ မဟုတ်ထင်ပါရေ။ ယင်းပိုင် ဖြစ်လာကေလည်း အကျွန်ရို့တိ အလုပ်ပြုတ်လီပါဖို့ဗျာယ်။

(ရူပဗေဒပညာသျှင် Stephen Hawking နှင့် တွိဆုံခန်း မှ — Time / November 15, 2010)

◆ ◆ ◆

## *စာစဉ်မှာယူလိုလျှင်*

**အေသတင်းစိုဥ်ဝယ်ယူအားပီးလိုသူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဉ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိူင်ကတ်ပါသည်။ အထူးကျေးဇူးတင်ပါသည်။**

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

☎ ၅၁၅–၃၂၆–၄၆၂၂

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃–၄၁၄–၂၈၁၃

*ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)*

☎ ၄၁၂–၄၀၃–၇၈၂၂

ကို ခိုင်မင်းဇံ (ဘာဖဲလို)

☎ ၇၁၆–၃၀၈–၃၅၆၆

*ကို ဆန်းလှိုင် (မီဝ့ါကီ)*

☎ ၄၁၄–၄၈၄–၅၇၃၈

ဝိုးချေ (ယူတား)

☎ ၈၀၁–၅၁၂–၁၀၃၆

*ကို ကျော်သိန်း (မီဇူရီ)*

*ဖုန်း ၈၁၆–၂၉၄–၈၄၅၁*

ကို စောသိန်းမောင်(ချီကာဂို)

☎ ၆၃၀–၇၄၉–၈၀၈၃





**မိန်း။ ။ အသျှင်ဖုရားဒေါသထွက်ဖူးပါလား၊ စိတ်တိုပနာ ပေါက်ကွဲမှု တိကား ဖြစ်ဖူးပါလား။**



ထွက်ဖူးရေပ၊ ဆရာတော်ရေ ပုထုဇဥ်လူသားတဦးပါ၊ ယေဘုယျသဖေါ ပြောရဖို့ဆိုကေ လူသားတယောက်ဘားမှာ တခါချေလည်း ဒေါသထွက်စွာ၊ စိတ်တိုစွာကို မမြင်ရလို့ဆိုကေ ယင်းချင့်ရေ တခုခုမှားနိန်ယာလို့ ဆရာတော်ထင်ပါရေ၊ သူ့မှာ ဦးနှောက်ပိုင်းဆိုင်ရာ တခုခု မှားနိန်ပါယာ။ (ရယ်သည်။)

**မိန်း။ ။ ကမ္ဘာကြီးမှာ အမုန်းတရားတိ အများကြီး ပေါ်နိန်ကတ်တေ အချိန်မှာ အသျှင်ဖုရား ဘဇောင်ပိုင်သျှောင်မျိုး သစ္စာတရား၊ အကောင်းမြင်ဝါဒမျိုးနန့် ရပ်တည်ဖြစ်ပါလဲ။**



အဖြစ်အပျက်တခုကို ဆရာတော်ရေ မြင်ကွင်းကျယ်ကျယ်မြင်နိုင်ရေ ရှုဒေါင့်က ရှုမြင်သုံးသပ်ပါရေ၊ ဆိုကတ်ပါမေ— ပြဿနာတိ၊ သတ်နိန်၊ ဖြတ်နိန်ကတ်စွာတိ၊ အကြမ်းဖက်မှုတိ၊ အသျှုပ်တော်ပုံတိ နိန်ရာတိုင်းမှာ နိစဥ်နိတိုင်း ဖြစ်ပျက်ကောင်း ဖြစ်ပျက်နိန်ကတ်ပါလိမ့်မေ၊ ယေကေလည်း–တကမ္ဘာလုံး ယင်းပိုင်ဖြစ်ပျက်နိန်ရေလို့ ထင်ကေတော့ကေ တကာကြီးဖက်က မှားရေ၊ ကမ္ဘာ့လူဦးရေဖ်ဘီလီယံကျော်မှာ ယင်းပိုင်စွာတိကိုဖန်တီး၊ လုပ်ကိုင်နိန်ကတ်စွာရေ လက်တဆုတ်စာချေပါ။

**မိန်း။ ။ အကျွန်ရို့အဘုချေတိအပေါ်မှာ ဒေါသ မထွက်၊ စိတ်မတိုတတ်အောင် ဘဇောင်သင်ကြား ပြသ သင့်ပါလဲ။**



အဘုချေတိရေ သူရို့မိဖတိကို အမြဲတမ်း စောင့်ကြည့်တတ်ပါရေ။ မိဖတိအနိန်နန့် အီးအီးဆီးဆီး ညှင်ညှင်သာသာ လုပ်ကိုင် ပြမူသင့်ပါရေ။ တကာရို့ အနိန်နန့် ဘဝမှာ ပြဿနာတိအများကြီးနန့် ရင်ဆိုင်နိန်ရသည့်တိုင် ယင်းပြဿနာရပ်တိကို တည်တည်ငြိမ်ငြိမ်နန့် ရင်ဆိုင်ဖြေသျှင်းလားစွာမျိုးတိကို ပြသလားကတ်ရဖို့ဖြစ်ပါရေ။ ခေတ်သစ်ပညာသင်ကြားမှုပိုင်းနန့်ပါက်သက်လို့ ဆရာတော်အနိန်နန့် အမြဲတမ်း သုံးသပ်ဖြစ်စွာတခုဟိပါရေ။ ယင်းချင့်က ဇာလဲဆိုကေ ဆရာတော်ရို့ရေ ကိုယ့်ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလီးထား ကြိုးပမ်းမှုနန့်အတူ လုပနှီးထွီးရေ နှလုံးသားပိုင်ချင်တိ ဖြစ်လာဖို့ဖက်ကိုလည်း ဂရုစိုက်ဖို့ မပျက်ကွက်စီချင်ပါ။

**မိန်း။ ။ ကိုယ့်ကိုကိုယ် ဒလိုင်းလားမားအဖြစ်နန့်မဟုတ်ပဲ ရိုးရိုးသာမန်လူသားတယောက်အဖြစ်နန့် အသျှင်ဖုရား တွေးမြင်ဖူးပါလား။**



တွေးဖူးရေပ။ ဆရာတော်အသက်အရွယ်အငယ်ခါကပလေ—အူး–အေချင့်ရေ ဝန်ထုတ်ဝန်ပိုးကြီး တခုရာ မလား၊ လူမသိ၊ သူမသိ တိဘက်ပြည်သားတယောက်အဖြစ်နန့် ကိုယ့်ကိုကိုယ် ဖြစ်ချင်ခပါရေ။ ယေခါမှရာ ဆရာတော်မှာ လွတ်လပ်မှုတိ ဟိလာဖို့ဆိုပြီးကေ။ ယေကေလည်း နောက်ပိုင်းမှာ–ဝါ့နိန်ရာ၊ ဝါ့အခြေအနေရေ အများသူငါရို့အတွက် အသုံးဝင်ရေအနိန်အထားတရပ်ဖြစ်ကြောင်း သဖေါပေါက်လာပါရေ။ အေနိအချိန်မှာဆိုကေ ဒလိုင်းလားမားအဖြစ်နန့် သီတင်းသုံးရစွာကို ဆရာတော်ပျော်ပါရေ။ သို့သော် တချိန်တည်းမှာပင် – ကိုယ့်ကိုကိုယ် ဂုဏ်ထူးခံပုဂ္ဂိုလ် တဦးအဖြစ် မတွေးမြင်မိပါ။ အားလုံး အတူတူတိရေပါ။

**မိန်း။ ။ ဒေကမ္ဘာကြီးထဲမှာ အောင်မြင်ရေ ဘဝတခုကို ပိုင်ဆိုင်နိန်ထိုင်ဖြစ်ခ ရေ လို့အသျှင်ဖုရား ယုံကြည်ဖြစ်ပါလား။**



အိန်း–––ပြောဖို့ကကောင်းခဲယဥ်းပါရေ။ လူသားဘဝအားလုံး၏ အချို့အစိတ်အပိုင်းတိစွာ အောင်မြင်ပြီးကေ အချို့အစိတ်အပိုင်းတိဖက်မှာ ကျဆုံးကတ်ရစွာရာ မနားယေ။

(The Dalai Lama နှင့် တွေ့ဆုံခန်း မှ – Time / June 14, 2010)

◆ ◆ ◆

**မိန်း။ ။ အမေရီကန်အနိန်နန့် တရုတ်ပြည်ကို ကြောက်သင့်ပါလား။**



အမေရီကန်အနိန်နန့် တရုတ်ကိုနားလည်ဖို့လိုပါရေ။ ကြောက်ဖို့မလိုအပ်လှပါ။

**မိန်း။ ။ ဇာဖြစ်လို့ကြောက်ဖို့မလိုအပ်ပါလဲ။**



ပြောရဖို့ဆိုကေ အမေရီကန်နန့် တရုတ်ရို့ရေ တယောက်ကိုတယောက် အပြန်အလှန် ကြောက်နိန်ကတ်စွာပါ။ အမေရီကန်စစ်တပ်တိ သူ့အနားမှာ ဝိုင်းနိန်စွာကို တရုတ်ကြောက်ပါရေ။ တရုတ်က အာသျှတိုက်ကို လွှမ်းမိုးချုပ်ကိုင်လိုက်ပနာ အမေရီကန်ကို မောင်းထုတ်လိုက်ဖို့စွာကို အမေရီကန်က ထည့်တွက်ပါရေ၊ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်လို့ရနိုင်ရေ ကိစ္စတိကို ပူးပေါင်းဆောင်ရွက်လားကတ်ဖို့ လိုအပ်တေလို့အကျွန်မြင်ပါရေ။ ယေမှရာ အပြန်အလှန် ဆက်ဆံရေးနန့် နားလည်မှု တိုးတက်လာပြီးကေ မဟာဗျူဟာကျကျ ထိပ်တိုက်ရင်ဆိုင်ဖို့ အကြောင်းကိစ္စတိ လျော့နဲလားဖို့ဖြစ်ပါရေ။

(အမေရီကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း Henry Kissinger နှင့် တွေ့ဆုံခန်း မှ – Time, June 6, 2011)

◆ ◆ ◆

⟶

**မိန်း။ ။ ကိုင်—အခြိခံကျရေ အကြောင်းအရာပိုင်းကို တစ်ချေလောက် ပြောကတ်ပါမေ၊ နိုင်ငံစီးပွါးရေး၏ အဓိကပြဿနာစွာဇာပါလဲ၊ ယင်းချင့်ကိုဘဇောင်မျိုး ဖြေသျှင်းပါဖို့လဲ။**



နိုင်ငံစီးပွါးရေးဆိုင်ရာ၏ ပထမပြဿနာစွာ အလုပ်အကိုင်ပါ၊ အကျွန်ရို့တိုင်းပြည်မှာ အလုပ်အကိုင် မဟိရေ လူတိအများကြီးဖြစ်နိန်ပါရေ။ ယင်းချင့်ရေဝုန်းခနဲ၊ ဒိုင်းခနဲ ဖြေသျှင်းလို့ရရေကိစ္စမဟုတ်ပါ။ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စီဖို့အတွက် ငွီကြေးမူဝါဒတရပ်ကို ချမှတ်လုပ်ဆောင်နိန်ပါရေ။ ဒုတိယပြဿနာကတော့ကေ ရိရှည်ဘက်ဂျက်လိုငွီပြမှုကိစ္စပါ။ ရိရှည်မှာ ဘက်ဂျက်လိုငွီပြမှု လျော့ကျလားအောင်နန့် ရငွီနန့်သုံးငွီကြားမှာ အားမျှဖို့ အနိန်အထားတရပ်ကိုရောက်လာအောင် ပြည်သူ့လွှတ်တော်အနိန်နန့် ကြိုးပမ်းလုပ်ဆောင်နိန်ပါရေ။ အကျွန်ရို့တိအနိန်နန့် အေကိစ္စကိုလုပ်ဖို့ ပျက်ကွက်ခကေ နိုင်ငံ၏ငွီကြေးပိုင်းဆိုင်ရာမှာ အကြီးအကျယ် ဂယက်ရိုက်လားဖို့ဟိပါရေ။

**မိန်း။ ။ မိနိ (၆၀) တွိဆုံခန်းမှာ ပြည်သူလူထုတိကြားက ဝင်ငွီ ကွာဟချက်အကြောင်းကို ပြောသံ၊ ဆိုသံတိ ကြားလိုက်ရပါရေ။ ဝင်ငွီကွာဟချက်ကိုဘဇောင်ညှိယူကတ်ပါဖို့လဲ။**



နိုင်ငံပြည်သူတိ၏ ဝင်ငွီမညီမျှမှုရေ ပြဿနာကြီးပါ။ ယင်းချင့်က ဇာကိုပြလဲဆိုကေ အကျွန်ရို့ လူ့အဖွဲ့အစည်းအတွင်းမှာ ပြည်သူများစွာရို့အတွက် လုပ်ကိုင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်း မဟိသိကြောင်းကို ပြပါရေ။ ပြည်သူ့ဝင်ငွီ ကွာဟချက်ကို ညှိယူဖြည့်ဆည်းဖို့အတွက် အကောင်းဆုံးကတော့ကေ လူတိုင်းကို အဆင့်မြင့်ပညာတတ်လာအောင် သင်ကြားရေးကို ဦးတည်လုပ်ဆောင်ဖို့ပါ။ အေဂုပိုင် နည်းပညာခေတ်မှာ အဆင့်မှီမှီ ပညာတတ်မြောက်မထားရေလူတိအတွက် ဝင်ငွီအဆင့်အနိန်တရပ်ကို ရောက်ဖို့ဆိုစွာ မလွယ်ကူလှပါ။

(အမေရိကန်ပြည်ထောင်စု၊ ဖယ်ဒရယ် ဘဏ္ဍာရေးဆိုင်ရာ ဥက္ကဌ Ben Bernanke နှင့်တွိ့ဆုံခန်း မှ – Time, December 27, 2010)

◆ ◆ ◆

**မိန်း။ ။ လီနာဝမ်းဗိုက်မှာ ထိုးထားရေ မှင်နန့်ပါက်သက်လို့ နောက်ခံဇတ်လမ်းချေကို တခေါက်ချေ ပြောပြပါဗလင်။**



အချစ်နန့်ပက်သက်ကေ အကျွန်က တစ်ချေလောက် စိတ်ကူးယဉ်တတ်ပါရေ။ အကျွန် (၁၆) နှစ် သမီးချေခါ အကျွန့်ရည်းစားသည် (အေဂုအကျွန့်လင်) နန့် နှစ်ယောက်တည်းအတွက် ရည်ရွယ်ပနာ တခုခုလုပ်ဖို့ ဆိုပြီးကေ စိတ်ကူးပါရေ။ မှင်ထိုးပြီးလို့ ပထမဆုံးအကြိမ် ပြမိစွာမှာ သတင်းစာတိမှာတောင် သတင်းကြီးအဖြစ်နန့်ပါလာပါရေ–'လီနာ မှာ မြွီရုပ်မှင်ထိုးထားလို့ဟိရေ' ဆိုပြီးကေ၊ အမှန်မှာ ယင်းချင့် မြွီမဟုတ်ပါ။

**မိန်း။ ။ ဇာဟင့်လဲချင့်။**



အသဲနှလုံးနန့်နှင်းဆီပန်းပွင့်ပါ။

**မိန်း။ ။ ထန်းနိစ်လောက က အနားယူလားပြီးရေနောက်မှာ ဇာတိ ဆက်လုပ်ဖို့ ရည်ရွယ်ထားပါလဲ။**



ထန်းနိစ်လောက က အနားယူလားပြီးရေနောက်မှာ အကျွန်ရေ အိမ်သျှင်မကောင်း တယောက်ဖြစ်ချင်ပါရေ။ အကျွန့် မေမေ ဘားက စကေချေလောက် ကော်ပီယူပိုင်ဖြစ်ကောင်းဖြစ်နိန်ပါဖို့။ အကျွန်အငယ့်ချေခါ မေမေရေ အကျွန့်ကို အမြဲတမ်း ဂရုစိုက်ပါရေ။ ပါပါ ကိုလည်း ဂရုစိုက်ပါရေ။ အကျွန်ရို့မှာ သား၊ သမီးတိရာဟိခ ကေ ယင်းအချေတိ ကျောင်းကပြန်လာစွာနန့် အိမ်မှာ စွမ်းအားပြည့်နန့် ပျော်ရွှင်နိန်ကတ်စီချင်ပါရေ။

(ပြင်သစ်အိုးဖန်း ထန်းနိစ်ပြိုင်ပွဲ ၂၀၁၁ မှာ ဗိုလ်စွဲလားသည့် တရုတ်ထန်းနိစ် ကဇါပ်သမား Li Na နှင့် တွိ့ဆုံခန်း မှ – Time / June 27, 2011)

◆ ◆ ◆

**မိန်း။ ။ အေဂုဆိုကေ ထန်းနိစ်နန့်ပါက်သက်လို့ စိတ်ပိုင်းဆိုင်ရာ ထက်သန်ပြင်းပြမှုတိ ပိုလို့ ဟိလာပါလား။**



အယင်ကဆိုကေ ထန်းနိစ်ကို အကျွန်ရေ အကျွန့်အလုပ်တခုပိုင် သဖေါထားခစွာပါ။ အေဂု အကျွန်ကဇါပ်ဖြစ်နိန်စွာတိ၊ အခြေအနေတိကို အကျွန် ကျေကျေနနပ်ဖြစ်မိပါရေ။ အေဂု အကျွန်ရေ ကိုယ့်အားကိုယ်ကိုးပါ။ လုပ်ကိုင်ဆောင်ရွက်ရစွာတိ ပိုလို့လွယ်ကူပါရေ။

**မိန်း။ ။ 'နိုင်ငံသမ္မတ ဖြစ်တည်မှု'ထဲမှာ သမ္မတ ဖြစ်ဖူးရေ လူတိမှရာနားလည်နိုင်ရေ အကြောင်းအရာတိ ဟိပါလား။**



အခြားအလုပ်တိပိုင်ပါ။ အလုပ်တခုကို ပြီးပြည့်စုံစွာ နားလည်ဖို့က ယင်းအလုပ်ထဲကို ဝင်လုပ်ဖို့လိုအပ်ပါရေ။ အေဂုဆိုကေ နိုင်ငံကာကွယ်ရေးဦးစီးချုပ် (အမေရိကန်ပြည်ထောင်စု၏ သမ္မတ) အလုပ်၏ သဘာဝကိုနားလည်ရေလူ ၅ ယောက်တည်းရာ (အသက်ရှင်) ကျန်ဟိပါယာ။ နိုင်ငံရေးအခြေအနေ အပြောင်းအလဲတိ

→

*“အိန်တာဗျူး အမိန်း အဖြေ များ” – တဖက် စာမျက်နှာ မှ*

ဘဇောင်ပိုင်ပင်ဖြစ်နိန်လီပါတ်စီ—အကျွန်ရို့ အချင်းချင်းကြားမှာ အပြန်အလှန်နားလည်မှုတိ ဟိကတ်ပါရေ။ ယင်းချင့် ဇာပိုင်စွာတိလဲဆိုရေ အပိုင်းကိုတော့ကေ သျှင်းပြဖို့ ခဲယဉ်းပါရေ။

**မိန်း။ ။ (ပြည်သူတိ၏) “မိမိသဖေါဆန္ဒအလျှောက် ပါဝင်လုပ်အား ပီးခြင်း” (volunteerism) ကို အရေးကြီးရေအခြင်းအရာ တရပ်အဖြစ် မှတ်ယူမှုအပေါ် သမ္မတဟောင်းတိဖြစ်တေ ကာတာ၊ ခလိန်တန် နန့် ဘုရှ်ရို့ အားလုံး သမ္မတကြီးဘားသို့ ရောက်ချလာကတ်မှုကို ဘဇောင်ပြောပါဖို့လဲ။**



ပထမ ပြောချင်ရေ အချက်ကတော့ကေ အသုဘအတွက်မဟုတ်ခကေ ယင်းသျှောင်မျိုး ဆုံစည်းမှုအတွက် အကျွန်အဂယောင့် ဝမ်းမြောက်ရပါရေ။ သမ္မတဟောင်းအားလုံးထဲမှာ အကျွန်က အသက်အကြီးဆုံးဆိုရေခါ ယင်းချင့်ရေ အမှန်ပင် စိတ်အားတက်စရာ၊ ဂုဏ်ယူစရာပါ။ ဂျိမ်မီ၊ ဘီလ် နန့် ဘုရှ် ရို့အားလုံး ယင်းလုပ်ဆောင်မှုအတွက် အကြီးအကျယ် အပေါင်းလက္ခဏာဆောင်စွာ ခံစားဖြစ်ကတ်ပါရေ။

**မိန်း။ ။ သမ္မတအဖြစ်ကအနားယူအပြီးမှာ George W. Bush ကို လက်ကျန်ဘဝ တာအတွက် ဇာ တခုများသင်ပြ ပြောပီးဖူးပါလဲ။**



မိုးထ ပိုင်းတိုင်ကေ ကော်ဖီ ကိုယ့်စွာကိုယ် ဖျော်သောက်ဖို့နန့် အမှိုက်တောင်း ကိုယ့်စွာကိုယ် ပစ်ဖို့စွာကို မမိ့ ဖို့ပါ။

(အမေရိကန်သမ္မတဟောင်း Goerge H. W. Bush နှင့်တွိ့ဆုံခန်းမှ – Time, May 9, 2011)

**(မှတ်ချက်။** ။ သမ္မတ George H. W. Bush ပြောသည့်သမ္မတ ၅ ယောက်မှာ ဂျိန်မီကာတာ၊ ဂျော့ချ်အိတ်ချ်ဒဗလျူဘုရှ်၊ ဘီလ်ခလိန်တန်၊ ဂျော့ချ်ဒဗလျူ ဘုရှ် နှင့် ဘာရာ့ခ်အိုဘားမား ရို့ကို ရည်ညွှန်းဆိုလိုခြင်းဖြစ်ပါသည်။ သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ် မှာ သူ၏ သားအရင်းဖြစ်နိန်၍ သမ္မတသက်တမ်းအပြီးမှာ သူ့သားကို ဘဇောင်ပိုင်သင်ပြရေလဲ ဟူ၍ အိန်တာဗျူးသမားက ဟာသနှော၍ မိန်မြန်းခြင်း ဖြစ်ပါသည်။)

◆ ◆ ◆

**မိန်း။ ။ အမေရိကန် နန့် ဥရောပ၏ အဓိကမြို့ကြီးတိုင်းလိုလိုမှာ အဆောက်အဦးကြီးတိ အများကြီးကို လူကြီးမင်း ဆောက်လုပ်ခပါရေ။ အမေရိကန်နန့် ဥရောပကြားမှာ အံ့သြဖို့ကောင်းလောက်အောင် ကွာဟချက်တိဟိရေလို့ ဆိုကေ ဇာကိုပြောပါဖို့လဲ။**




စွမ်းအင်နန့် အကောင်းမြင်ဝါဒပါ။ ဥရောပကို အကျွန်ချစ်ပါရေ။ အကျွန်ရေ အီတာလျံတယောက်ပါ။ ဖဲရိစ် (ပါရီ) မှာ နိန်ပါရေ။ ယေကေလည်း ဥရောပမြို့ကြီးတိက စွမ်းအင်လျော့ရဲရဲ ဖြစ်နိန်သျှောင်ပိုင်ပါ။ အေတိုင်းပြည် (အမေရိကန်) ကတော့ကေ ငယ်ငယ်ရွယ်ရွယ် စွမ်းအားကောင်းကောင်းနန့်ပါ။ ပွင့်ပွင့်လင်းလင်းလည်း အားလုံးကို ဖွင့်ပီးထားပါရေ––ဥပမာ ဆိုကတ်ပါစို့––နည်းပညာပိုင်းနန့် ပါက်သက်လို့။ ဒေမှာ (အမေရိကန်မှာ) အကျွန်ရို့ဆောက်နိန်ရေ အဆောက်အဦးတိကို ကမ္ဘာအရပ်ရပ်က ဝင်လာရေ အစိတ်အပိုင်းတိနန့် စုပေါင်းတည်ဆောက်ထားစွာပါ။ တချို့အစိတ်အပိုင်းတိရေ ဂျာမဏီက၊ တချို့က တောင်အမေရိကားက၊ တချို့အစိတ်အပိုင်းတိက တော့ကေ ဂျပန်က—အစ ဟိသည်ဖြင့်ပါ။

**မိန်း။ ။ “ပြည်သူ့အိမ်ယာ” ဆိုရေဝေါဟာရ ကိုပြောလိုက်စွာနန့် အတွေးထဲကို ပထမဦးဆုံး ဇာတိဝင်လာလတ်ပါလဲ။**



ယင်းချင့်အကျွန့်အိမ်မက်ပါ။ အကျွန်ရို့ အနိန်နန့် ‘မင်းရေ ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲပစ်နှိုင်ရေ’ ဆိုရေ အတွေးအခေါ်မျိုးနန့် ကြီးပြင်းလာကတ်တေ။ ယေကေ ယင်းအပြောင်းအလဲအတွက် ဇာက စ ကတ်ဖို့လဲ။ ‘ပြည်သူ့အိမ်ယာ’ပါ။ အိမ်ကောင်းယာကောင်း အိမ်ကြီးရခိုင် တိ ဆောက်လုပ်ဖို့အတွက် ဖေသာတိ အများကြီး လိုအပ်တေဆိုစွာမမှန်ကန်ပါ။ ယေကေလည်း လူတိကတော့ကေ ယင်းမိန်းခွန်မျိုးးကို မမိန်းကတ်ပါ။

**မိန်း။ ။ ပိရမိ (Pyramid) တိကိုကြိုက်ပါလား။**



ပိရမိ တိကို အဂေါင့်လည်းဂေါင့် ချစ်မြတ်နိုးမှု တခါလည်း မဖြစ်ဖူးပါ။ **လူတယောက်၏ အောင်မြင်ကျော်ကြားမှုတိကို ဂုဏ်ပြုပွဲကျင်းပနှိုင်ဖို့အတွက် အခြားလူတိ အများကြီးကို သတ်ပစ်ဖို့လိုအပ်ပါလား။** ပိရမိ ဖြစ်တည်မှုတိကို အကျွန်လေးစားပါရေ၊ ယေကေလည်း ရင်ထဲမှာ ကြေကွဲမှုတိနန့်ပါ။

(ဗိသုကာပညာသျှင် Renzo Piano နှင့် တွိ့ဆုံခန်း မှ – Time, July 4, 2011)

● ● ● ● ● ●

‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’သို့ စာမူ ရီးသားပီးပို့ကတ်သော ရခိုင်စာရီး ဆရာ/ဆရာမများ၊ ဝယ်ယူအားပီးသူများ၊ ကူညီဖြန့်ချီပီးသူများနှင့် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းအား အထူးကျေးဇူးတင်ဟိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# သနတ်တိနန့်တေထား ဗြို့ ဆိုမာလီးယား

## နီတောက်ကြယ်






သားဖွားနန့်မီးယပ် ပါရဂူဆရာဝန်မကြီးတယောက်ဖြစ်တေ အမျိုးသမီး ဟာဝအဘ်ဒီ (Hawaabdi)၊ အခန်းချေတစ်ခန်းစာ အနိန်အ ထားရာဟိရေ ဆီးခန်းတခုကို ဆိုမားလီးယား (Somalia) မြို့တော်၊ မိုဂါဒီချူ (Mogadishu) အနားမှာ (၁၉၈၃) ခုနှစ်လောက်က စတင်တည်ထောင် ခ ရေ။ ယင်းပိုင်နန့် အချိန်တိကြာလာရေအခါ ယင်းဆီးခန်းချေစွာ စစ်ကြောင့်ပျက်စီးနိန်ရေနိုင်ငံမှာ နိုင်ငံတွင်းအိမ်ယာမဲ့ပြောင်းရွှေ့နိန်ထိုင်ကတ်ရရေ လူတိအတွက် ဆီးဝါးထောက်ပံ့မှုနန့် ခိုလှုံနိန်ထိုင်ခွင့်ပြုရေ အကြီးဆုံးစခန်း (Camp) တိထဲမှာ တခုအပါအဝင်ဖြစ်လာရေ။ ဂုခါဆိုကေ လူပေါင်း (၉) သောင်းကို နိန်ရာ အဆောက်အအုံတိ ထောက်ပံ့ပီးထားနိုင်ဗျာလ်ဖြစ်တေ။ ယင်းလူတိထဲက အများစုစွာ မ မ တိ နန့်အချေတိ။ ဒေပါရဂူမကြီးရေ အွန္တရာယ်များပြီးကေ ခက်ခဲရေအခြေအနေတိမှာ သမီးချေ ဆရာဝန်မ နှစ်ယောက်နန့် တတူတူ တွဲလို့အလုပ်လုပ်ရရေ။ အဂု သူမရေ (၂၀၁၀) ခုနှစ်က အီစလမ်စစ်သွီးကြွအဖွဲ့တိ (Islamist Militants) သူမအလုပ်လုပ်တေစခန်း (Camp) ကို ကျူးကျော်ဝင်ရောက်လာပုံ၊ သူမကို ဓါးစာခံအဖြစ်နန့် ရက်ပေါင်းများစွာချုပ်နှောင်ထားပုံ အစဟိသဖြင့် ကြုံတွိ့ခရရေ ဇတ်လမ်းချေတပုဒ်ကို ပြန်လို့ ပြောပြခြင်းဖြစ်ပါရေ။

အကျွန့်ဘားသို့ဆက်လာရေဖုန်းကို အကျွန်မကိုင်လိုက်။ ယင်းအတွက်နန့် ဟိဇ်ဘူ အစ်စလမ် (Hizbul Islam) အဖွဲ့ဝင် ဆိုမာလီသူပုန်ခြောက်ယောက်စွာ အကျွန့် ဆီးခန်းဂိတ်ပေါက်ဝကို အကြောင်းမကြားဘဲ ရောက်လာလတ်ကတ်ဗနာ အကျွန်နန့်လူချင်းတွိ့ စကားပြောဖို့ တောင်းကတ်ပါရေ။ ဆိုမာလီအစိုးရပြုတ်ကျပြီးရေ နောက်ပိုင်းမှာ ဂေါင်းဆောင်၊ ဗိုလ်ချုပ်၊ စစ်တပ် အသီးအသီးရို့ အပြောင်းအလဲတိကြားမှာ ဒေသောင်းကျန်းသူ အရပ်ဖက်စစ်သားတိရေ အကျွန်ရို့နယ်မြီကို လွှန်ခရေနှစ်တိကပင် ထိန်းသိမ်းအုပ်ချုပ်နိန်ခကတ်စွာဖြစ်တေ။ ဒေသူရို့ အကျွန်နန့်စကားပြောခွင့်တောင်းရေ အချိန်ခါ အကျွန်ရေ (၄) ရက်ကျော်လောက် အစားအသောက် တခုလေ့ မစားရသိလို့ အာဟာရချို့တဲ့၊ နိန်မကောင်း ဖြစ်နိန်ရေ အဘုချေ အမြောက်အများကို စမ်းသပ်စစ်ဆေးမှုတိ လုပ်နိန်တုန်းအချိန်ဖြစ်တေ။ အကျွန်ရေ လုဖို့ယက်ဖို့၊ သတ်ဖို့ဖြတ်ဖို့၊ အာဏာသိမ်းပိုက်ဖို့လောက်ရာ ရည်ရွှယ်နိန်ရေလူတိနန့် စကားလက်ဆုံပြောဖို့အတွက် အကျွန့်လူနာတိကို အကျွန်မျက်ကွယ်မပြုနိုင်။ အလှဲအလှယ်မလုပ်နိုင်။ မစွန့်လွှတ်နိုင်။ စဉ်းစားကြည့်ဖို့ပင်ခက်တေ။

အကျွန်ဒေကိုပြောင်းလာစခါ ဆိုမာလီးယားစွာ ကောင်းအီးချမ်းရေနိုင်ငံတနိုင်ငံ။ ယေကေလေ့ ဂုချိန်ခါ နှစ်ပေါင်း (၂၀) ကျော်ကြာကြာ မျိုးနွယ်စုချေအချင်းချင်းတိုက်ခိုက်မှုကိုအစချီလို့ ဖြစ်လာရေ ပြည်တွင်းစစ်ကြောင့် အကျွန့်ဆီးခန်းချေစွာ ကုတင် (၄၀၀) ကန်ရေ ဆီးရုံတခုဖြစ်လားရေ။ ယင်းနောက်ဖက်ကမြီကွက်ချေတခု၊ တခါက စိုက်ပျိုးမြီရာ၊ ဂုတော့ခါ မိုးရီမရလို့ခြောက်သွိ့နိန်ပြီးနာ နယ်မြီအတွက်အိမ်ယာမဲ့၊ အခြီမဲ့လားလာနိန်ကတ်တေ လူပေါင်း (၉၀၀၀၀) ကျော် ခိုနားနိန်နိုင်ရေ ကယ်ဆယ်ရေးစခန်းချေတခုဖြစ်နိန်ဗျာလ်။ ဒေလူတိရေ ပျက်စီးလားခရေ အကျွန်ရို့မြို့တော်ကနိန် အနောက်မြောက်ဖက်မှာဟိရေ လမ်းမကြီးတလျောက်မှာနိန်ထိုင်ကတ်တေ လူပေါင်းသန်းဝက်လောက်က အချို့တဝက်ပဲ့။ ဆိုမာလီပြည်သူပေါင်း တသန်းခွဲနီးပါးစွာ ဒေပိုင်အဓိကရုဏ်းဖြစ်မှုတိကြောင့် အိမ်မဲ့ယာမဲ့ ပြောင်းရွှို့ နိန်ထိုင်ကတ်ရရေ။ အကျွန်ရို့ဒေသမှာ ဇာလိုအပ်လေဆိုစွာ မှန်းရခက်လာဗျာလ်။ ယေဒါလေ့သွင့် ဆရာဝန်တယောက်အနိန်နန့် အကျွန့်ပန်းတိုင်က တခုတည်းရာ။ မိုးသောက်အာရုံမတက်ခင်စီ တခုတည်းသော စိတ်အာရုံနန့် အကျွန်နိုးထလာရေ။ ယင်းချင့်က “ငါ့လူနာတိ လိုအပ်ချက်ကို ငါဖြည့်ဆည်းနိုင်ဖို့” ပင်ဖြစ်တေ။ →

## ငါ ငါ့တိုင်းပြည်နန့် လူမျိုးအတွက် တခုခုလုပ်နိုန်ရေ၊ မင်းကား မင်းတိုင်းပြည်အတွက် ဇလုပ်ပြီးဗျာယ်လေ .... လို့ အဘဒိက သနတ်သမားကို မိန်းလိုက်တေ။

◆ ◆ ◆ ◆ ◆

အကျွန့်လုပ်ဖော်ကိုင်ဖက် ဆရာဝန်တယောက်က ယင်း အဖြူရောင်–အနီရောင်ကျားပါရေ လိုင်စည်းတိဝတ်ထားရေ ဟိဇ်ဘူ အီစလမ် စစ်သားတိကို ရဲရဲဝံ့ဝံ့နန့်ဖြေယှင်းချက်တခုပီးဖို့ကြိုးစားကြည့်ရေ။ နီညိုရောင်ဖြစ်နိန်ရေ မဆိတ်မွှီး၊ ပါးမွှီးတိ၊ ရန်လိုစိတ်အပြည့်နန့်တုန်ယင်နိန်ရေ လူငယ်တိ၊ သူရို့တိလက်ညှိုးထိပ်တိစွာ အမြဲတမ်း သနတ်မောင်းခလုတ်ထက်မှာ။ “ဒေနိန်ရာမှာငါရို့စွာ ဒုက္ခသည်တိဖြစ်တော၊ စစ်ကြောင့်ဒုက္ခရောက်နိန်ကတ်တေလူတိကို ငါရို့တန်းတူညီမျှဆက်ဆံပီးရေ။ သူရို့စွာ သူရို့ ဇာဖက်က ပါလီပတ်စီ ပြဿနာမဟိ” လို့ ထို ဆရာဝန်ချေက ပြောလိုက်တေ။ ယေကေလေ့ စစ်သား (၆) ယောက်ရေထွက်မ လား။ ယင်းအတွက် သူရို့ကို နိခင်းစာ ထမင်းတည်ခင်းဖို့ အကျွန့်အထက်လူကြီးကော်မတီအဖွဲ့နန့် အကျွန် စုစည်းဆုံးဖြတ်လိုက်တေ။

အကျွန်တည်ခင်းကျွေးမွေးရေ အစားအသောက်တိလေ့စားလို့အပြီး– စော်ကားမော်ကား စကား သူရို့စပြောလာကတ်ဗျာလ်။ “ဒေဆီးရုံကိုဦးစီးပိုင်ခွင့်နန့် ဒေစခန်းတိကိုစီမံပိုင်ခွင့် နင်ငါရို့ကိုပီးရဖို့” ဆိုဗနာ သနတ်သမားတယောက်က အကျွန့်ကိုပြောလိုက်တေ။ အကျွန်ပြန်လို့ပြောလိုက်ယင့်။ “ ဒေဟင့်ငါနန့်သက်ဆိုင်ရေကိစ္စတိရာ၊ ငါက ဒေမှာဆရာဝန်၊ ငါ့မှာဆီးပညာနန့်ပတ်သက်တေ ဗဟုသုတဟိရေ။ ဇာအကြောင်းပြချက်ကြောင့်ငါ့ဆီးရုံကို နင်ရို့ဘားသို့လက်လွှဲပီးရဖို့စွာလေ ”

“နင်စော် မ မ” “နင်တခုတာဝန် တခုဦးစီးဦးဆောင်မှုကိုလေ့ ထမ်းထားစရာမလို” ဆိုဗနာ အခြားတယောက်က ဇလိုင်းကြီးပြောချ ပလိုက်တေ။

သူရို့လက်ခံထားရေ အီစလမ်မူဝါဒက မ မ တယောက်စွာ အခြီခံလူ့အခွင့်အရီးတိ ရပိုင်ခွင့်မဟိရေ အဖိနှိပ်ခံ၊ အနိုင်ကျင့်ခံ (object) အရာဝတ္ထု တခုရာဖြစ်တေ။ မ မ တိ၏ အခန်းကဏ္ဍစွာ အိမ်မှာနိန်၊ ပြီးနာ သန့်သျှင်းရေးလုပ်၊ ထမင်းချက်၊ အိမ်သျှင်တိကို အထောက်အပံ့ပီး စသည်ဖြင့် ဒေလောက်အနိန်အထားမှာရာ ဟိရေ။ အကျွန့်အမြင်ကတော့ကေ မ မတိသည်လေ့ လူ့ အဖွဲ့အစည်းတခုမှာ တန်ဖိုးတူညီဟိရေ လူသားတိပါရာ။

လူကြီးတိက အကျွန့်ကို “အဘာလေး ယင်းသူရို့နင့်ကို တချိန်းတည်းနန့်ပစ်သတ်ပလိုက်လိမ့်မေ” ဆိုပနာ တတိုးချေ သတိပီးကတ်တေ။ ယေဒါလေ့သွင့် အကျွန်ပြောခစွာတိကို အကျွန်မရုပ်သိမ်းနိူင်။

“ယေကေ––သူရို့ငါ့ကိုပစ်သတ်ဖို့ပ့ါ––ဟုတ်လာ။ ယပိုင်ဆိုကေတောင် ငါ ဂုဏ်သိက္ခာ အပြည့်နန့်သီရသိမ့်ယင့်” လို့ အကျွန် ပြန်ပြောလိုက်တေ။

သူရို့အကျွန့်ကို မပစ်သတ်ခကတ်ပါ။ သူရို့ထိုင်ခုံတိကို နောက်ကို ဖယ်ထုတ်ပနာ လှည့်ထွက်လားခကတ်တေ။ ဟိဇ်ဘူအီစလမ်ရို့၏ ပြောစကားတိ၊ ရက်စက်မှုတိစွာ မှားနိုင်စရာ မဟိပါ။ ယေကေလေ့အကျွန်ရို့မှာ စိုးရိမ်နိန်ဖို့၊ ပူပင်နိန်ဖို့၊ စဉ်းစားနိန်ဖို့ အချိန်မရ။ လုပ်လက်စ အလုပ်ဘားသို့ ကိုယ်စီ ပြန်လားကတ်ရပါရေ။

(၁၉၇၁) ခုနှစ်မှာ အကျွန်ရေ မိုဂါဒီချူမြို့ (Mogadishu) အကြီးဆုံးဆီးရုံမှာ ပထမဆုံး အမျိုးသမီးသားဖွားပါရဂူတိထဲက တယောက်အဖြစ်လက်တွဲ့ ဆီးပညာ တာဝန်ထမ်းဆောင်ခရပါရေ။ အမျိုးသမီးအများစုရေ ဆီးရုံဆီးခန်းတိမှာ မွီးဖွားနိူင်ခွင့်တိ မရဟိစွာကို မြင်ရခါကပင် မြို့နန့်(၁၅)မိုင်လောက်ဝီးရေ ကျေးလက်ဒေသချေတခုက အကျွန့်အိမ်ဘေးမှာ ကိုယ်ပိုင်ဆီးခန်းချေတခု ဖွင့်ဖို့ စိတ်ဆုံးဖြတ်လိုက်မိပါရေ။ တလနှစ်လအတောအတွင်းမှာပင် အကျွန့်ဆီးခန်းမှာ နိ့စိုင်ဉ် ပုံမှန် လူနာ (၁၀၀) လောက်ကျလာရေ။

နောက်အနှစ်(၂၀)ကြာလို့အကျွန်ရို့ အစိုးရနိန်ရာက ဖယ်ယှားခံရရေခါ အိမ်နားက အကျွန့်ဆီးခန်းချေရေ ရာနန့် ထောင်နန့် ချီရေ လူတိ ယာယီနားခိုနိူင်ဖို့ နိန်ရာချေတခုဖြစ်လာရေ။ အများစုက မ မ နန့် အချေတိဗျာလ်။ ဟိသလောက် နန့် ဟိသမျှအကျွန် ပီးကမ်းပလိုက်တေ။ ယေခါ အကျွန်ရို့လယ်ယာမှာဟိရေ စတိုထဲက ထုတ်ကုန်ချေတိ တနားချေနန့်ကုန်လားပြန်ရေ။ စစ်တပ်က ဆိပ်ကမ်းတိအားလုံးကို ပိတ်ပလိုက်ကတ်တေ။ သူရို့လက်နက်ရိက္ခာ ရဖို့အတွက် ကူညီ ကယ်ဆယ်ရေးအဖွဲ့တိကိုတိုက်၊ အစားအစာတိကြားဖြတ်ယူ စရေအရာ တိကိုကျူးလွန်ကတ်တေအပြင် ဒေအွန္တရယ်လမ်းမကြီးမှာ စစ်ဆေးရေးဂိတ်တိကိုလေ့ မရီမတွက်နိုင်အောင်ချပစ်ကတ်သိမ့်ရေ။

၁၉၉၂ ခုနှစ် အမှောင်ကြီးစိုးရေနိ့ရက်တိမှာ အစာရီစာငတ်ပြတ်မှုတိ စတင်ဖြစ်ပွားပါလတ်တေ။ လူသီတွင်း တူးရေအလုပ်သမားတိ အားမပြတ်အောင်၊ အချေတိကျန်းမာရေးပြန်ကောင်းလာအောင် အစာရီစာအပြည့်အဝ ရဟိဖို့အတွက် အကျွန်စွာ အကျွန့်မိသားစုပိုင်ဆိုင်ရေ ရွှီငွီတိကို ရောင်းချခရပါရေ။ တရက်မှာလူသီကောင်ပေါင်း (၅၀)လောက်မြှပ်နိန်ရရေ အချိန်ခါတောင်မှ အကျွန်ရေ နိန်ဖို့နိန်ရာ၊ လုံခြုံမှုနန့် ကျန်းမာရေးအတွက်ဆီးကုသပီးနိန်နိူင်ခပါရေ။ အကျွန်ရို့တယောက်ကို တယောက်ထွီးပွို့ တယောက်လက်ကိုတယောက်ဆွဲဗနာ အသက်ရှင်သန်နိူင်ခကတ်တေ။ စစ်ပွဲကတော့ဖြစ်တုန်းသိ။ အဂုတခါ ပြန်လို့ ငတ်မွတ်မှုရောဂါပြန်ပေါ်လာရေ။ ဒေတခေါက်ခါ မိုးခေါင်ရီးယှားစွာ တခုတည်းကြောင့်မဟုတ်ဗျာလ်။ တရပ်စပ် မရပ်မနားဖြစ်နိန်ရေ ဆိုမာလီစစ်ပွဲ၏ အကျိုးသက်ရောက်မှုကြောင့်လည်းဖြစ်တေ။

ဟိဇ်ဘူအီစလမ် စစ်သွီးကြွတိ (Hizbul Islam Militants) နန့်တွိ့ပြီးလို့ သီတင်းပတ်တပတ်အကြာမှာ သနတ်သံကြောင့် အကျွန် အိပ်ရာကနိန်နိုးလာရေ။ ဖုန်းမြည်လာရေအတွက် အကျွန် အယင်ဗယင် အဝတ်အစားဝတ်လိုက်တေ။ ယင်းသူရို့ အကျွန့် စခန်း (camp) ကိုအားဓမ္မ (အဓမ္မ) သိမ်းပိုက်ဖို့အတွက် ပတ်ပတ်လည်မှာ တပ်သားအယောက် (၇၅၀) ကို ဝိုင်းထားခိုင်းလိုက်ဗျာလ်။

ယင်းကျူးကျော်လာရေတပ်သားတိစွာ အကျွန်ရို့အရေးပေါ် ဌာနမှာ သူရို့၏ အမည်းရောင်အလံကို တက်ချိတ်ထားလိုက်ကတ်ဗျာလ်။ ပြီးနာအစောင့်တိကို ရရက်စစက်သတ်ပုတ်ထားကတ်တေ။ ဟိရေလူကြီးတိကိုသနတ်ဒင်နန့် အဆက်မပြတ်သတ်ထားကတ်စော်တိက ရရှိင်းစပိုင်း။ သူရို့သနတ်တိနန့် အလူမိနီယံ ဆီးရုံခေါင်မိုး၊ ဘိလပ်မြေ (ကတ္တရာ) ကိုင်ထားရေထရံတိကို ကျည်ထောင့်တိဖောက်ဝင်လားအောင် ပစ်ခတ်နိန်ကတ်ဗျာလ်။ မြို့မှာဟိရေ အကျွန့်သမီးချေနှစ်ယောက်ကို ဖုန်းဆက်ဗနာ အကြောင်းကြားလိုက်တေအတွက် အကျွန်ဘေးကင်းယှင်းဖို့ ဆုတောင်းပီးကတ်တေ။ ပြီးနာသတင်းဌာနတိကို အကြောင်းကြားဖို့ လုပ်ကတ်တေ။

ဘီဘီစီသတင်းဌာနက သတင်းထုတ်လွှတ်တေလူ အကျွန့်ကို ကျည်မုန်တိုင်းတိထနီရေ အတောအတွင်းမှာ ဖုန်းဆက်လာရေခါ အရပ်ဖက်စစ်သားတိ၏ပစ်မှတ်စွာ အချေသူငယ်စောင့်ရှောက်ရေးနန့် အာဟာရပြည့်ဝရေးဌာန၊ ပြီးနာခွဲစိတ်ခန်းနန့် မွီးဖွားသန့်စင်ခန်းဌာနတိရာဖြစ်တေလို့အကျွန်ဖြေကြားခရေ။ အချေခွဲစိပ်မွီးဖွါးခန်း (C-Section) ကနိန် အချိန်မှီကုသပီးလိုက်လို့ သတိရလာရေ ဒါဏ်ရာရ အမျိုးသမီးတယောက်၊ အသက်အရွယ်မရှီးပစ်သတ်နိန်ရေ သနတ်တိကြားကထွက်ပြီးလာယင်း အစာသွင်းရေပိုက်၊ ရီသွင်းရေပိုက်တိ နှာခေါင်းနန့်လက်မောင်းမှာ သွင်းထားရရေ သားချေနန့် ကြောက်နိန်ရေ အမိ (အမင်) တယောက်။ သူရို့တိ အသက်ရှင်ဖို့မဟုတ်ဗျာလ်။ အကျွန်ရို့သိနိန်ရေ။ "အကျွန်ရို့အတွက်ဆုတောင်းပီးပါ၊ ဆုတောင်းပီးပါ" လက်မမြှောက်ရခင် ပြောနိုင်စွာစကားဒေချင့်ရာဟိရေ။

'ဗိုင်း' 'ဗိုင်း' နန့်ပင်အိမ်ရှိ တံခါးမှာကျလာရေ ပထမဆုံးကျည်ဆံတောင့်တိကြောင့် အကျွန့်တအိမ်လုံးတုန်လားရေ။ ဒေအရပ်ဖက်စစ်သားတစုတော့ခါ အကျွန့်အခန်းကိုမိုးကြိုးမုန်တိုင်းပစ်နိန်ကတ်ဗျာလ်။ "နင်ရေဒီယိုဌာနကို သတင်းပီးခီရေ မနား၊ ဟုတ်လာ မဟုတ်လာ ဆို" လို့ အကျွန့်ကိုဝေါက်ပနာ မိန်းလိုက်တေ။ " ယင်း အမျိုးသမီးအသတ်ခံရစွာကို ငါရို့တင်ပြရဖို့တာဝန်ဟိရေ" ။ အကျွန့်ဘေးမှာဟိနိန်ကတ်တေ သူနာပြုဆရာမ (nurses) ခြောက်ယောက်က ပြောလိုက်ကတ်ခြင်းဖြစ်တေ။ စစ်သားအဖွဲ့ဝင်တယောက် အကျွန်ကိုင်ထားရေ မိုဘိုင်းဖုန်းတိကိုတောင်းဗနာ အိမ်ရှိမှာတန့်ထားရေ ကားထက်ကိုတက်ခိုင်းရေ။ ပြီးနာ ဒေကနိန်လေးမိုင်လောက်ဝီးရေ သူရို့ရုံးချုပ်ကိုခေါ်လားခပါရေ။

အကျွန်နန့်အကျွန့်လုပ်ဖော်ကိုင်ဖက်တိကို အခန်းအလွတ်တခုထဲမှာထည့်ထားရေ။ အကျွန်ရို့လေ့ မွိရာပုံချောတ်ထက်မှာထိုင်နိန်ကတ်ဗျာလ်နင့်ရာ။ ယေမှာ ထိုဖက်အခန်းကထွက်ပါလာရေ ကြောက်ရွံ့တုန်လှုပ်နိန်ရေ အကျွန့်အသံကို အကျွန်ကြားနိန်ရရေ။ ဒေတပ်သားတိ ဘီဘီစီက နိန် ထုတ်လွှင့်လားရေ အကျွန့်အိန်တာဗျူးကို နားထောင်နိန်ကတ်စွာဖြစ်တေ။

တနားကြာကေ သနတ်သမားတယောက်ဝင်လာပြီးနာ ဖုန်းကိုအကျွန့်ဘားသို့လှမ်းပီးရေ။ "နင့်မှာအထောက်အပံ့ပီးရေလူတိကကောင်းဟိရေ" ဆိုဗနာ အကျွန်ရေအသက်ရှင်နိန်သိကြောင်း၊ တခုလေ့အနာတရမဟိကြောင်း လူတိဘားသို့ အကြောင်းကြားခိုင်းပါရေ။ အကျွန်လေ့ သမီးချေ နှစ်ယောက်ဘားသို့ လှမ်းပြောရေ။ ပြီးနာ ဆီးရုံဝန်ထမ်းတိကို မကြောက်မရွံ့ ပြောစရာဟိစွာ ပြောဖို့တိုက်တွန်းလိုက်တေ။ ဒေ ဟိစဘူ အီစလမ်တိစွာ လူသားစိတ် တစိချေလေ့ ဟိရေလူတိမဟုတ်။ သူရို့လူတိကို အများကြီးနိုပ်စက်ထားပြီးကတ်ဗျာလ်။

**နီတောက်ကြယ်**

"Under Siege in Somalia, A People Plagued By Catastrophic Famine And the Tyranny of Fanatics" by Dr. Hawa Abdi with Sarah J. Robbins / Newsweek (August 15, 2011) ကို ဘာသာပြန်ထားပါရေ။

(အပိုင်း (၂) ကို နောက်လတွင် ဆက်ဖတ်ပါရန်။)

**'သုတ' နန့် 'ရသ' ရို့ကိုလည်းကောင်း**

**'သတ္တိ' နန့် 'ခွန်အား' ရို့ကိုလည်းကောင်း**

**'မဓုရတာ' နန့် 'ပညာ' ရို့ကိုလည်းကောင်း**

**ပီးစွမ်းနိုင်သော စာများဖြင့်**

**လူ့အဖွဲ့အစည်းကို အလှဆင်တင့်တယ်စီအံ့။ ။**



## ကလောင်သွီးကတ်ပါ

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်*** သို့ စာမူများပီးပို့နိုင်ကတ်ပြီး စာစောင်တွင် ပုံနှိပ်ဖော်ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူပီးပို့သူတိုင်းအား 'နိုင်ငံတကာရေးရာသတင်းစဉ်' တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရိကန်ပြည်ထောင်စုအတွင်းတွင်) ပီးပို့လားမည် ဖြစ်ပါသည်။
အမေရိကန်ပြည်ထောင်စု ပြင်ပမှ ဆိုပါက စာအုပ်အပြည့်အစုံကို E-Mail မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။
ကျေးဇူးတင်ပါသည်။



# စာများ / မှတ်ချက်များ

Thank you very much for your hard work and effort brother. We love reading your publication. I hope you get the support needed to continue further too.

Thein Tun Zan

**(Thank you very much brother! We will be trying our best, together with all of you!)**

● ● ● ● ●

ကို ဦးသိန်းမောင်

အေဂုပိုင်ရောက်ရာ အရပ်ဒေသက မိမိရို ့ တိုင်းပြည်နန့် လူမျိုးတိအတွက်ကိုယ်တတ်နိုင်ရေဖက်က လုပ်ပီးစွာကောင်းပါရေ။ ဆက်ပြီးကေလည်း အေထက်မက လုပ်ပီးနိုင်ပါစီ။

ခိုင်သီဟရာဇာ

**(အမှန်မှာ ကိုယ့်တိုင်းပြည်နန့်လူမျိုးအတွက် တခုလည်း ဟုတ်တိပါတ်တိ လုပ်ပီးနိူင်စွာမဟိသိမ့်ပါ။ ရခိုင်စာစောင်ချေတစောင်ကို ငွိကြီးချို့တဲ့မှု၊ စာပီဗဟုသုတအားနည်းမှု၊ နည်းပညာပိုင်းနားမလည်မှု အစဟိရေ လိုအပ်ချက်အများကြီးနန့်အတူ (ယေကေလည်း မျိုးချစ်ရခိုင်ညီအစ်ကိုမောင်နှမရို့၏ ပါဝင်အားပီးမှုတိနန့်) တပိုင်တနိုင် ပျိုးထောင်နိန်ရေ အဆင့်ပါရာ။ ကျေးဇူးတင်ပါရေ။)**

● ● ● ● ●

ဗမာစာက ရုံးသုံး၊ ကျောင်းသုံး၊ နိုင်ငံသုံး ဖြစ်နိန်ရေခါ အခြားလူမျိုးတိကပါ ရခိုင်မှာ သီးခြားစာမဟိ ဆိုရေ အမြင်မျိုး မြင်လာရေ။ ယေဇာ့ အကျွန်ရို့က ဗမာစာနန့် မတူဖို့အတတ်နိူင်ဆုံးကြိုးစားရီးသားကတ်တေ။ “ဖြာဖို့” ဆိုရေ စကားလုံးမှာ“ဖြာ” စွာ ဗမာနန့် လုံးဝ ကွဲပြားလားရေအတွက် ကကောင်းသဖေါ်ကျမိပါရေ။ ယကေလည်း တဖက်မှာ တည်မြဲပြီးသား ဝေါဟာရတလုံးဆုံးသျှုံးရရေ။ ယေဇာ့ အေဒီတာဘားသို့ အကြံပီးစာရီးသားလာရေ ကို အနီမောင် (မောင်ခိုင်စော) ကို အထူးကျေးဇူး တင်ကြောင်း အေဒီတာကတဆင့် ပြောပါရစီ။

အေဒီတာနန့်အတူ Teamwork သဖေါနန့် ဝိုင်းဝန်း လုပ်ဆောင်နိန်ကတ်တေ စာပီဝိုင်းတော်သားတိ၊ ပါဝင်ရီးသားနိန်ကတ်တေ စာရီးဆရာ၊ ဆရာမတိအားလုံးကို အထူး ကျေးဇူးတင် လေးစားပါရေ။

အားလုံးကို ခင်မင်လေးစားလျှက်

With Love and Respect for All.

ထွန်းလင်း

**(အဟောင်း နန့် အသစ်၊ အပျောက် နန့် အဖေါ်၊ သခင်ရီစီးကြောင်းပင်လယ်ကြီးနန့် ကျွန်ရီစီးကြောင်းမြောင်းချေ ရို့ ၏ ဝိရောဓိ တိ ကြားမှာ အသားမကျသိမ့်ရေ (ယေကေလည်း အသားကျဖို့အားယူနိန်ရေ) ရခိုင်စာလုံးပေါင်းသတ်ပုံတိနန့် ပက်သက်လို့ဆက်လက် ဝေဖန် / နားလည် / ပြုပျင် ပနာခရီးဆက်ကတ်ပါမေ။ ခိုင်မာရေ ကလောင်တချောင်းပိုင်သျှင်ဖြစ်ပါလတ်ပြီးကေ ကောင်းမွန်သောဆန္ဒမွန်တိ အတွက် ကိုထွန်းလင်း ကို ဝမ်းမြောက်ဂုဏ်ယူမှုနန့်အတူ ကျေးဇူးတင်ဟိပါရေ။)**

● ● ● ● ●

မအားလပ်တေကြားတိကနိန် အားသွန်ခွန်စိုက်နန့်အပင်ပန်းခံပနာစာစောင်တခုဖြစ်မြောက်ရေးတွက်ဖန်တီးကြိုးစားပီးကတ်တေ အေဒီတာအဖွဲ့ကိုကကောင်း ကျေးဇူးတင်မိပါရေ။ ဝေဖန်ပိုင်းခြားရေဆိုစွာထက် ကျနော့်အမြင်ချေတိကိုအကြံပီးရေပုံစံချေတစ်ခုပိုင်တင်ပြစွာပါရာ။

(၁) စာလုံးပေါင်းသတ်ပုံတိကိုအပြန်အလှန်စစ်ဆေးဖို့လိုပြီးကေအမှားအယွင်းနည်းအောင်အထပ်အထပ်စစ်ဖို့လိုအပ်တေလို့မြင်မိပါရေ။

(၂) ကျနော်လုံးဝနားမလည်ရေစာလုံးတစ်လုံးက ‘ဒိန်’ဆိုရေစာလုံးပါ။ယင်းစာပိုဒ်မှာ ရီးထားရေ ကျောင်းသားချေဒိန် ၊ ကလေချေဒိန် ဆိုရေစာသားတိပါ။

(၃) ဖတ်ခရသမျှစာစောင်တိုင်းမှာ ရီးရေကဗျာဆရာ ၊ ဆရာမ ၊ ဆောင်းပါးတိဝတ္ထုတိုတိရေ အရီးအသား အတွေးအမြင်တိကကောင်းကောင်းပါရေ။ယေကေလေ့သော့ ရီးရေဆရာ ၊ ဆရာမ တိက နောက်ခါဆိုကေ စာဖတ်ပရိတ်သတ်အတွက် ရှုံးအီလားနိုင်ရေလို့မြင်မိပါရေ။တက်သစ်စကလောင်ရှင်တိကို တဖက်တလမ်းကထည့်သွင်းဖော်ပြပုံ့ပိုးသင့်ရေလို့ မြင်မိပါရေ။

(၄) ကျနော့်အမြင်အေဒီတာစကားရေ မလိုအပ်ပဲရှည်နိန်ရေလို့မြင်မိပါရေ။ လိုရင်းနန့် အတိုလုပ်ပြီးကေလစ်လပ်လားရေနေရာမှာ ကဗျာချေတပိုဒ်ဖြစ်ဖြစ် ၊ကာတွန်းချေဖြစ်ဖြစ်ထည့်လို့ရပါရေ။

(၅) သမိုင်းကြောင်းထဲကရခိုင့် ဝတ်စားဆင်ယင်မှု ၊ ဆင်ယင်ထုံးဖွဲ့မှု ၊ရိုးရာဓလေ့ချေတိ ၊ တပေါင်စကားတိကို လက်လှမ်းမှီသလောက်ဖော်ထုတ် ရီးသား တင်ပြကေပိုကောင်းဖို့မြင်မိပါရေ။ လူများနိုင်ငံကိုသိဖို့စွာထက် ကိုယ့်နိုင်ငံ အကြောင်းကို ဂဃနဏ ပိုသိဖို့လိုအပ်သိရေ လို့မြင်ပါရေ။

(၆) လှိုင်း ဆိုရေ ဆောင်းပါးက ဓါတ်ပုံတိရေ မလိုအပ်ပဲနန့် ပိုနိန်ရေလို့ မြင်မိပါရေ။

(၇) ရခိုင်သက္ကရာဇ်ပါ တပါတည်း ထည့်သွင်းဖော်ပြပီးကေ ပိုကောင်းဖို့လို့မြင်မိပါရေ။ ကျနော်အပါအဝင် ရခိုင် အများစုရေရခိုင်သက္ကရာဇ်ကိုတောင်မှန်အောင် မပြောနိုင်ရေလူတိအများကြီးပါ။ နောက်တက်လာဖို့မျိုးဆက်တိတွက် ရင်လီးစရာပါ။

ရခိုင်စာပီထာဝရတည်တံ့ခိုင်မြဲပါစီ။

လင်းကိုခိုင်

**(စာလုံးပေါင်းသတ်ပုံတိကို တဆတ်ဆတ် ပျင်လားပါမေ။ ‘ဒိန်’ စွာ ‘တိ’ နန့် အဓိပ္ပါယ်တူရေ ရခိုင်ဒေသအချို့၏ ဒေသိယသုံး ဝိဘက် တမျိုးပါ။ အေအိုင်ရေ ကလောင်သစ်၊ ကလောင်ဟောင်းအားလုံးအတွက် လှိုက်လှဲပျူငှါစွာနန့် လမ်းဖွင့်ထားလျှက်ပါ။ ရခိုင်သမိုင်းကြောင်းရာတိနန့်ပက်သက်လို့ သမိုင်းပညာသျှင်တိ ပါဝင်ရီးသားလာကတ်ဖို့ မျှော်လင့်ပါရေ။ ရခိုင်ရက်စွဲတိကို အေအိုင်အိန်တာနက်စာမျက်နှာမှာ စ သုံးနိန်ပါဗျာလ်။ ကျေးဇူးပါ။)**

● ● ● ● ●

အဂုပိုင် ဖတ်ခွင့်ရလို့ ကကောင်းကျေးဇူးတင်ပါရေ။ မာတိကာမှာ ‘နိုင်ငံရေးဆိုင်ရာ အိဂ်လိချ်ဝေါရများ စာ ၁၅’ လို့ ပါကေလေ့ ရှာမတွိခပါ။

မင်းချေ

(အေအမ်ပီမှ တဆင့်)

**(စာမျက်နှာ ၁၅ ကို အီးမေးလ်က တဆင့် ပို့ပီးထားပါရေ။ အားပီးရေအတွက် အထူး ကျေးဇူးပါ။)**

● ● ● ● ●

**Editors Group**

**Oo Thein Maung**

**Lwon Pi**

**Ni Tauk Kray**

ဆက်သွယ်ရန်လိပ်စာ

1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-331-225-7720 (Cell)
theai2011@hotmail.com

တန်ဖိုး ၅ ဒေါ်လာ


၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်နိက သောင်းကျန်းသူ ကုလားဆိုးများ လက်ချက်ဖြင့် ဘဝတပါးသို့ ပြောင်းလားသော မသီတာထွေး ၏ မိသားစုနှင့် ထပ်တူ၊ ရက္ခိုင်နွယ်ဖွါးအားလုံးနှင့်ထပ်တူ ဝမ်းနဲကြီကွဲရပါသည်။

မသီတာထွေး ကောင်းရာသုဂတိ လားပါလီစီ။ ။

နိုင်ငံတကာရေးရာ
ရက္ခိုင်သတင်းစဉ်

# ချီလီ သမ္မတနိုင်ငံ

## (Republic of Chile)








ချီလီနိုင်ငံသည် တောင်အမေရိကတိုက် အနောက်ပိုင်း၏ အနားသတ်မျဉ်းကြိုးသဖွယ် တောင်မြောက်သွယ်တန်းလျက် အလျားလိုက် တည်ဟိသည့် နိုင်ငံဖြစ်သည်။ ၁၅၃၀ကျော်တွင်ချီလီသို့ စပိန်များဝင်ရောက်လာသည်။၁၈၁၀ ခန့်မှစ၍ချီလီယံလွတ်လပ်ရေးလှုပ်သျှားမှုများဆက်တိုက်ဖြစ်ပေါ်လာခပြီး၁၈၁၈ခုနှစ်တွင်ချီလီသည် လွတ်လပ်သောနိုင်ငံတနိုင်ငံ ဖြစ်လာလတ်ပါသည်။ ထိုနောက် နိုင်ငံရေးမတည်ငြိမ်မှုများ၊ပြည်ပစစ်၊ပြည်တွင်းစစ်ကာလများကိုလည်းကောင်း ဖြတ်သန်းနိန်ခရပေသည်။ နှစ်ဆယ်ရာစု အစောပိုင်းမှစ၍ချီလီသည်ဗိုလ်ကျစိုးမိုးလိုသည့် သမ္မတများ၏အာဏာကို ပါလီမန်လွှတ်တော်မှထိမ်းချုပ်ရန်ကြိုးပမ်းမှုများ၊ နိုင်ငံရေးအငြင်းအချက်များ၊လူမှုရေးပြဿနာများနှင့်ပြည့်နှက်နိန်ခပြီး၁၉၇၃ ခုနှစ်တွင်ဗိုလ်ချုပ်ကြီးပီနိုချေးမှ စစ်အာဏာသိမ်း၍အုပ်ချုပ်ခပါသည်။၁၉၈၀ပြည့်လွန်နှစ်များမှစ၍ချီလီသည်ဒီမိုခရေစီအစိုးရသို့တဆတ်ဆတ်ပြုပျင်ပြောင်းလဲမှုများ (evolution)အသွင်ဖြင့်ချဉ်းကပ်လာခပြီး ၁၉၈၉ခုနှစ်တွင်နိုင်ငံလုံးဆိုင်ရာဆန္ဒခံယူပွဲမှအစပြုကာအေဂုအခါချီလီသည်ပြည်သူ့အလိုကျရွီးကောက်တင်မြှောက်သည့် အစိုးရဖြင့် ခရီးဆက်လျှက်ဟိနိန်ပါသည်။

## ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ

တရားဝင်အမည်။ ။ ချီလီသမ္မတနိုင်ငံ။

နိုင်ငံတည်ထောင်သည့်ခုနှစ်။ ။ ၁၈၁၈

မြို့တော်။ ။ ဆန်တီယာဂို

လူဦးရေ။ ။ ၁၅.၈ သန်း

လူဦးရေသိပ်တည်းမှုနှုန်း။ ။ ၁စတုရန်းမိုင်လျှင် ၅၅ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၂၁ ယောက်)

အကျယ်အဝန်း။ ။ ၂၉၂၂၅၈ စတုရန်းမိုင် ( ၇၅၆၉၅၀ စတုရန်းခီလိုမီတာ)

ပြောဆိုသည့်ဘာသာစကား။ ။ စပိန်၊ အမေရိဒီယမ်ဘာသာစကားများ။

ကိုးကွယ်သည့်ဘာသာ။ ။ ရိုမင်ကက်သလိ ၈၀ ရာနှုန်း၊ အခြားဘာသာဝင်များနှင့် ဘာသာမဟိသူ ၂၀ ရာနှုန်း။

နိန်ထိုင်သည့်လူမျိုးများ။ ။ ဥရောပ အပါအဝင်ရောရောနှောနှော ၉၀ ရာနှုန်း၊ အမေရိဒီယန် ၁၀ ရာနှုန်း။

အစိုးရ။ ။ သမ္မတ စံနစ်။

ငွေကြေးယူနိ။ ။ ၁ ချီလီယံပီဆို လျှင် ၁၀၀ စိန်တာဗို။

စာတတ်မြောက်မှုနှုန်း။ ။ နိုင်ငံလူဦးရေ၏ ၉၆ ရာနှုန်း။

ခယ်လိုရီစားသုံးမှု။ ။ ၂၈၆၈ ခယ်လိုရီ။

ရောက်ဟိလာသော စာမူများအနက်မှ လာမည့်
**‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’** တွင် ဖေါ်ပြရန်အတွက်

**ကျော်သိန်းခိုင်** ၏ **“အမြန်ဆုံးပို့ဆောင်ဆက်သွယ်ရေးယဉ်တမျိုး (သို့မဟုတ်) ရေဒီယိုလှိုင်း”** ၊ **မိုးညို (M. Ed-EA)** **ဘန်ကောက်** ၏ **“ဒီမိုခရေစီမိတ်ဆက်”** ဆောင်းပါးများ နှင့် **မောင်ခိုင်စော** ၏ **“သမီးနှစ်ယောက်၊ အမိသည်နန့် ကျွန်တော်”** ဝတ္ထုတိုများကို ရွီးချယ် ထားဟိပါသည်။

ကျေးဇူးတင်ပါသည်။ (အေဒီတာအဖွဲ့)

www.arakaninternational.com

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပညာလူ့အဖွဲ့အစည်းသို့ (ကျော်သိန်းခိုင်) | ၁ |
| အေဒီတာ့စကား | ၂ |
| အကျွန်ရို့ ရခိုင်အမျိုးသား ပညာသျှင်ဆရာကြီး ပါမောက္ခ ဒေါက်တာကျော်နှင့် ရွှာမသားကျော် ရခိုင်အစစ်ဆုံးဖြစ်စဉ်အပေါ် ရင်ထဲကခံစားချက် အပိုင်းအစများ (၂) (အသျှင်ခေမာစာရ – ရဟန်းပျိုသမဂ္ဂ) | ၆ |
| အကျွန်သတိထားမိသော အိန်တာဗျူးအမိန်းအဖြေများ (မောင်သာပေါ် – ရမ်းဗြဲ) | ၇ |
| သေနတ်တိနန့်တေထား မြို့ဆိုမာလီးယား (နီတောက်ကြယ်) | ၁၁ |
| ပီးစာများ/မှတ်ချက်များ | ၁၄ |
| နိုင်ငံရေးဆိုင်ရာ အိင်္ဂလိချ်ဝေါဟာရများ | ၁၅ |
| ချီလီသမ္မတနိုင်ငံ | ၁၆ |


အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝီသည်။